မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၁၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေပုံးတံတားတည်ဆောက်ရေးလုပ်ငန်းကြည့်ရှုစစ်ဆေး

တံတားရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကောင်းမွန်ရေးဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဩဂုတ် ၁၀

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးသန်းစိုး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့မှ ထွက်ခွာလာရာ နံနက် ၉ နာရီတွင် ကလိန်အောင်တပ်နယ်သို့ရောက်ရှိကြပြီး ကလိန်အောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကလိန်အောင်တပ်နယ်မှ အရာရှိ၊စစ်သည်၊ မိသားစုများအား တွေ့ဆုံမှာကြားပြီး ကလိန်အောင်တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများ၏ ရင်သွေးများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံများနှင့် စာရေးကိရိယာများကိုပေးအပ်ရာ တပ်နယ်မိသားစုများကိုယ်စား ဗိုလ်မှူးကြီးသိန်းဇော်က လက်ခံသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကလိန်အောင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ရေပုံးတံတားတည်ဆောက်ရေးလုပ်ငန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေဖြူမြို့နယ်ရှိ ရေပုံးတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ၂၀၀၇ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေရောင်းချမည်



ရန်ကုန် ဩဂုတ် ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အမျိုးသားညီလာခံ ၂၀၀၇ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ကျပ် ၂၀၊ ကျပ် ၃၀၊ ကျပ် ၅၀ တန် သုံးမျိုးကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူး အစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတွင် ဩဂုတ် ၁၃ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၁ ရက်)

ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များ တိုးပွားဖြစ်ထွန်းရေး ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး အလေးပေး

တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံး၌ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းလုပရေးအတွက် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၃ရက်မှ ၁၈ရက်အထိ ပါဝင်ဆင်နွှဲကြရန် သတ်မှတ်ထားသည်။

ကလေးများသည် အသက်ငါးနှစ်အရွယ်မှ စတင်ကာ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားကြရာ အဆိုပါ အသက်အရွယ်မှစ၍ ကျောင်းနှင့်ဝန်းကျင်၌ သွားလာလှုပ်ရှား စားသောက်ကြရသည်။ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးသည် ကျောင်းသူ ကျောင်းသားလေးများအတွက် များစွာအရေးပါလျက်ရှိသည်။ ရောဂါဘယကင်းသော၊ အာဟာရပြည့်ဝသန်မာသော၊ ဉာဏ်ပညာထက်မြက်သော နိုင်ငံ့သားကောင်း မျိုးဆက်သစ်လူငယ်များ ထွန်းကားရေးအတွက် ကျောင်းနှင့်ဝန်းကျင် အစဉ်သန့်ရှင်းရန် လိုအပ်သည်။

အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းနှင့်ကျောင်းဝန်းကျင် သန့်ရှင်းရေးအတွက် ကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းစသည့် ကျောင်းကျန်းမာရေးဆိုင်ရာ လုပ်ငန်းငါးရပ်ကို ကြပ်မတ်လုပ်ဆောင်လျက် ရှိသည်။

ထို့အပြင် အဆိုပါကျောင်းများ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှ ကင်းဝေးစေရန် ခြင်ကျားကင်းစင်ရေး၊ အမှိုက်ကင်းစင်ရေးနှင့် အညစ်အကြေးကင်းစင်ရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

ကျောင်းသားကျောင်းသူ တစ်ဦးချင်းစီ၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန် ပြည့်မီရေး၊ တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းမှုများ တိုးတက်ကောင်းမွန်ရေးတို့ကိုလည်း ဆရာနှင့်မိဘ ပူးပေါင်း ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

သို့မှသာ နိုင်ငံတော်တစ်ဝန်းရှိကျောင်းများ၌ ကျန်းမာရေးနှင့်ညီညွတ်သည့် ကျောင်းနှင့်ဝန်းကျင်များ ဖြစ်ပေါ်လာပြီး ကျန်းမာကြံ့ခိုင်သော၊ ပညာရည်မြင့်မားသော လူငယ်လူရွယ်များ တိုးပွားဖြစ်ထွန်းလာမှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၁၃၀ အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်ကျောင်းတိုက် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် မိခင်ကြီး ဆရာမ ဒေါ်ရီရီ (အမှတ်-၆၊ အထပြ၊ မြောင်းမြ)အား ရည်စူး၍ တာမွေမြို့နယ် ရွှေဥဒေါင်းလမ်း (က-ဂ)ရပ်ကွက် အမှတ်(၇)နေ ဖခင် ဦးဇော်ထွန်း(မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒိုင်လူကြီး၊ မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ်၊ မြောင်းမြမြို့နယ်အသင်း(အမှုဆောင်)၊ ကုန်သွယ် လယ်ယာ(ငြိမ်း)၊ လူမှုထူးချွန်၊ တတိယဆင့်)နှင့် သားသမီး၊ မြေးမိသားစုက အလှူငွေကျပ် နှစ်သိန်းကို ကျောင်းတိုက်ဆရာတော် အရှင်ဘဒ္ဒန္တစန္ဒဝရ (မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးရာသီတွင် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ အားသွန်ခွန်စိုက်လုပ်ကိုင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး

လုပ်ငန်းသုံးပစ္စည်းများ ကြိုတင်စုဆောင်းထား

နေပြည်တော် ဩဂုတ် ၁၀

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်၅ရက် ညနေပိုင်းက လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင်၃၀ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီး၌ အမှတ်(၇) တည်ဆောက်ရေးမှ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးစန်းဝေက စီမံကိန်းလုပ်ငန်းများဆောင်ရွက် ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်းများ၊ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေး နှစ်တွင် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုရှင်းလင်းတင်ပြရာ ညွှန်ကြား ရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေး ညွှန်ကြား ရေးမှူး ဦးခင်မောင်ဝင်းက ဓာတ်အားပေး စက်ရုံ၌ တပ်ဆင်အသုံးပြုမည့်စက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လိုအပ် ချက်များဖြည့်ဆည်း စီမံပေး၍ ဆက်လက် လုပ်ဆောင်ရန်လုပ်ငန်းများနှင့်ပတ်သက်ပြီး အသေးစိတ်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ တည်ဆောက် ပြီးစီးသွားသော ရေလွှဲဆည်အမှတ်(၁) နှင့်အမှတ်(၂)ကိုလည်းကောင်း၊ ရေတံခါး နှစ်ပေါက်ပါသည့်ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ နှန်းစစ်ကန်နှင့် ရေထိန်းကန်တည်ဆောက် ပြီးစီးမှုကို လည်းကောင်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းတပ်ဆင်ရန်ကွန်ကရစ် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် အချင်း ၁၅ပေ ၅လက်မရှိ ဖိအားမြှင့် သံမဏိ ပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး သည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် ဓာတ်အား ပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ Switch Yard တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီး သည် နမ့်တိန်ချောင်းကို ရာသီမရွေး ဖြတ်ကူးနိုင်ရန်အတွက် တည်ဆောက် ပြီးစီးသွားသော သံပေါင် တပ်ဆင်ထား သည့် ကျိုင်းတောင်းတံတား အမှတ်(၁) နှင့် ကျိုင်းတောင်းတံတား အမှတ်(၂) တို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း စစ်ဆေးသည်။ အဆိုပါ တံတားနှစ်စင်း သည် ပတ်ဝန်းကျင်ရှိ ကျေးရွာများ ကူးလူးဆက်ဆံသွားလာရေးအတွက် အထောက်အကူပြုမည့်တံတားဖြစ်သည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

ထိုသို့စစ်ဆေးရာ၌ ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းက စီမံကိန်းမှ တာဝန်ရှိသူ များအား စီမံကိန်းကို သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်ကြိုးပမ်းဆောင်ရွက် ရေး၊ မိုးရာသီတွင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်ကြရေး၊ ဆက်လက်ဆောင်ရွက် ရမည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းသုံး ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရေး၊ နိုင်ငံခြားမှ မှာယူတင်သွင်းထားသော ပစ္စည်းများ အချိန်မီရောက်ရှိရေး၊ ပစ္စည်း များ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာ လုပ်ငန်းအလိုက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင် စီစဉ်ပြင်ဆင်ထားရေး၊ ယာဉ်နှင့် စက် ယန္တရားများကို စနစ်တကျ ကိုင်တွယ် မောင်းနှင် ထိန်းသိမ်းရေး၊ လုပ်ငန်းသုံး ပစ္စည်းများ စံချိန်စံညွှန်းနှင့် အရည်အသွေး စစ်ဆေးကြပ်မတ်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယခုအခါ ကျိုင်းတောင်း စီမံကိန်းသည် စီမံကိန်းတစ်ခုလုံး၏ ၇၆ဒသမ၃ရာခိုင်နှုန်း တည်ဆောက် ပြီးစီးနေပြီ ဖြစ်သည်။

ထုတ်လုပ်ဖြန့်ဖြူးပေး

စီမံကိန်းပြီးစီးပါက စက်တပ်ဆင် အင်အား ၁၈ မဂ္ဂါဝပ်ရှိ ဓာတ်အားပေး စက်သုံးလုံး စုစုပေါင်းစက်တပ်ဆင် အင်အား ၅၄မဂ္ဂါဝပ်မှ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၄၇၂သန်းခန့် ထုတ်လုပ် ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံတော် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဆုထူးပန်ပရိယတ္တိ ရွှေကျင် ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ၏ (၇၁)နှစ်မြောက်မွေးနေ့မင်္ဂလာနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၅ရက် နံနက်၉နာရီက ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်းရှိ အဆိုပါကျောင်းတိုက်၌ကျင်းပရာ အလှူရှင် မိခင်ကြီး ဒေါ်တင်တင်သန်း၏ (၈၁)နှစ်မြောက်မွေးနေ့အတွက် ဦးအောင်ဇော်မြင့်-ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက သန်လျင်ဘိုးဘွားရိပ်သာ တည်ဆောက်ရေး အတွက် အလှူငွေကျပ်သိန်း ၅၀နှင့် အလှူရှင်များကလှူဒါန်းငွေကျပ် ၂၃၀၇၀၀၀ တို့ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကိုကျင်းပရာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ဒါယကာ ဒါယိကာမတို့က ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော် များ နာယူကြကာ ဝါဆိုသံဃာအပါး၁၅၀နှင့် ပင့်သံဃာ အပါး ၅၀ တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများအား UNIAP Myanmar မှ National Project Coordinator တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေးတို့အား UNIAP Myanmar မှ National Project Coordinator ဒေါ်ဥမ္မာအိအိချောနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၈ရက်က အဖွဲ့ချုပ်ရုံးညွှန့်ခန်းသို့ လာရောက်တွေ့ဆုံကြသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်ကြည်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တော နယ်နိမိတ်သတ်မှတ်ရေး ညှိနှိုင်း ဝန်ကြီးများ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်ရှိ အစိုးရရုံးဌာနများအတွက် သစ်တောနယ်နိမိတ်သတ်မှတ်ရေးနှင့် စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် **(ဝဲပုံ)** တို့က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးသို့ ဝန်ကြီးဌာနအသီးသီးမှ ရုံးအဖွဲ့မှူးများတက်ရောက်ကြပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က အစိုးရရုံးဌာနများအတွက် သစ်တောနယ်နိမိတ်သတ်မှတ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၁၁နာရီခွဲတွင် ဟိန်းဇဲဒေသတပ်နယ်ရှိ မောရဝတီခန်းမ၌ ဟိန်းဇဲဒေသနှင့် ကံပေါက်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံမှာကြားပြီး ဟိန်းဇဲတပ်နယ်မှ ကံပေါက်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည် မိသားစုများ၏ ရင်သွေးများအတွက် ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ စာရေးကိရိယာများကို ပေးအပ်ရာ ဟိန်းဇဲတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ဦးလွင်က လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဟိန်းဇဲတပ်နယ်နှင့် ကံပေါက်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ဟိန်းဇဲတပ်နယ်ရှိ ဧက၇၅၀တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ခြစ်စည်းရိုးကြက်ဆူစိုက်ခင်းများကိုလည်းကောင်း၊ ၎င်းစိုက်ခင်းများမှ ထွက်ရှိသည့် ကြက်ဆူစေ့ကို ကြိတ်၍ ဘိုင်အိုဒီဇယ်ထုတ်လုပ်မှုကို လည်းကောင်း၊ အဆိုပါ ဘိုင်အိုဒီဇယ်ဆီဖြင့် ဂက်(စ်)မီးဖို အသုံးပြုပုံကိုလည်းကောင်း အဆင့်ဆင့်ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးချုပ်မောင်ဦးလွင်က လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်–မော်လမြိုင်–ထားဝယ်–မြိတ် ပြည်ထောင်စုလမ်းမကြီး၏ ရေဖြူမြို့နယ် ရေး–ထားဝယ် လမ်းပိုင်း၌ တည်ဆောက်လျက်ရှိသည့် တံတားအမှတ်(၁/၃၉) ရေပုံးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၃) အင်ဂျင်နီယာမှူး ဦးစိုးမင်းက စုစုပေါင်းတံတားအလျား ပေ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး ခွင့်ပြုအလေးချိန် ၃၆တန်၊ နှစ်လမ်းသွား အပေါ်ထည်နှင့် အောက်ထည် သံကူကွန်ကရစ်တံတားအမျိုးအစား တည်ဆောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးလှစိုးနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များမှာကြားညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရေပုံးတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေပုံးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်–မော်လမြိုင်–ထားဝယ်–မြိတ် ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရေး–ထားဝယ်လမ်းပိုင်း၌ တည်ဆောက်ပြီးစီးတော့မည်ဖြစ်သော ရေပုံးတံတား အရှည်တည်တံ့ခိုင်မြဲရေးနှင့် ချဉ်းကပ်လမ်းနှစ်ဖက် ကောင်းမွန်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ အဆိုပါ ရေပုံးတံတားသည် ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေပုံးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ ရေး–ထားဝယ်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာပြီး ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့ရှိ ကျေးရွာများ၌ စိုက်ပျိုးပြီးမိုးစပါးများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ထားဝယ်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ဒေါက်တာ သန်းညွန့်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany ဇနီးနှင့် သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဓိကကဏ္ဍ

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံသည် သဟဇာတဖြစ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဓိကကဏ္ဍရပ်တွင် ပါဝင်ကြောင်း၊ အာဆီယံကို နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးပေါင်းစည်းမှုနယ်ပယ်များတွင် အစဉ်တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံတည်ထောင်ပြီး အနှစ်(၃၀) ကြာမှဝင်ရောက်ခဲ့သော်လည်း အာဆီယံ၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းလျက်ရှိကြောင်း၊ ယခုအခါ အာဆီယံသည် အနှစ် (၄၀)မြောက်သို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်းအနှစ်(၄၀) မြောက်အတွက် ရွေးချယ်ထားသည့် **"ရှင်သန်လှုပ်ရှားနေသော အာရှနှင့် ကမ္ဘာ့အလယ်တွင် စည်းလုံးညီညွတ်သော တစ်ခုတည်းသော အာဆီယံအဖွဲ့ကြီး"** ဟူသော ဆောင်ပုဒ်နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အထိမ်းအမှတ် အခမ်းအနားများကို တစ်နှစ်ပတ်လုံး ကျင်းပလျက်ရှိကြောင်း။

ယင်းအထိမ်းအမှတ် အခမ်းအနားများသည် ဒေသတွင်း ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ အသိုက်အဝန်း တည်ထောင်မှုအတွက် အလေးထားရန် ဖြစ်ကြောင်း၊ အာဆီယံအနှစ်(၄၀)မြောက် အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံမှ အာဆီယံသို့ ဝင်ရောက်သည့်(၁၀)နှစ်မြောက် အခါသမယအဖြစ် မြန်မာနိုင်ငံသည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ Logo ပြိုင်ပွဲ၊ မြန်မာအာဆီယံ အမျိုးသမီးချစ်ကြည်ရေးအသင်းက ကြီးမှူးလျက် အာဆီယံယဉ်ကျေးမှုကပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း။

သမိုင်းမှတ်ကျောက်

အာဆီယံ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲများကို မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များနှင့် အထက်တန်းကျောင်းများ၌ ကျင်းပခဲ့ကြောင်း၊ အာဆီယံဓာတ်ပုံပြပွဲနှင့် အာဆီယံ ဆောင်းပါးများ သတင်းစာများတွင် ဖော်ပြခြင်းများလည်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံအနှစ်(၄၀)မြောက် နှစ်ပတ်လည်သည် မိမိတို့ဒေသ အဖွဲ့အစည်းအတွက် သမိုင်းမှတ်ကျောက် တင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အာဆီယံသည် ဒေသအတွက် အရေးကြီးသည့် ကဏ္ဍရပ်တွင် ဆက်လက်ပါဝင်ကာ စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက အာဆီယံ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုပေးအပ် ချီးမြှင့်သည်။ ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာပညာရှင်များက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

(၁၁–၈–၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးအသင့်အတင့် ရွာမည်။

 ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ *ခရီးသည်၁၉ဦးနှင့် လေယာဉ်မှူးတစ်ဦးပါရှိသော တွင်အော်တာ လေယာဉ်တစ်စင်းသည် ဩဂုတ် ၉ ရက်က ပြင်သစ်နိုင်ငံ မိုရီရာကျွန်းရှိ တီမာအီလေဆိပ်မှပျံတက်ပြီး မကြာမီ ပျက်ကျခဲ့ရာ လိုက်ပါသွားသူအားလုံး သေဆုံးသွားကြောင်း ပြင်သစ်အာဏာပိုင်များက ပြောကြားသည်။*

❖ **တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ယခုဩဂုတ်လမှ စတင်ကာ အရေးပေါ်သုံးစွဲမည့်ကားများမှအပ တစ်လလျှင်လေးရက် မော်တော်ယာဉ်သုံးစွဲမှု ပိတ်ပင်မည်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းမှာ သဘာဝပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုများ လျော့ကျစေရန်အတွက်ဖြစ်ကြောင်း ပေကျင်းမြို့တော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဗျူရိုမှ သတင်းထုတ်ပြန်သည်။**

❖ ဇင်ဘာဘွေနိုင်ငံတွင် ဩဂုတ် ၉ ရက်က ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ မျက်နှာချင်းဆိုင်တိုက်မိမှု ဖြစ်ပွားရာ ခရီးသည်တစ်ဦးသေဆုံးပြီး ၅၅ဦးဒဏ်ရာရရှိခဲ့ကြောင်း နယူးဇိုင်ရာနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

❖ ***အီတလီနိုင်ငံ ရောမမြို့ရှိ ရုပ်ရှင်နှင့် ပြဇာတ်ရုံကြီးတစ်ရုံ ဩဂုတ် ၁၀ရက်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမား ရာနှင့်ချီကာ ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုကြောင့် အဆောက်အအုံ အစိတ်အပိုင်း အားလုံးနီးပါး ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ရသည်။***

❖ အာရှတိုက်တွင် လူသန်း ၅၀၀ တို့သည် နှစ်စဉ်ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြလိုက်သည်။ အခြား မုန်တိုင်းဒဏ်ခံရသော နိုင်ငံများမှာ ဆူဒန်၊ ကိုလံဘီယာနှင့် အီသီယိုးပီးယားနိုင်ငံများသည်လည်း မုန်တိုင်းဒဏ်ခံရမှု ပိုမိုများပြားကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြသည်။

❖ **ဂျပန်နိုင်ငံ၌ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ဂျပန်နိုင်ငံရှိ ကာရှီဝါဇာကီကာရီဝါ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေဒီယိုသတ္တိကြွမှု ဖြစ်ပွားခဲ့ရာ ကျွမ်းကျင်သူများ စစ်ဆေးပြီးနောက် အဆိုပါ နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို လအတန်ကြာ ပိတ်ထားရမည်ဖြစ်ကြောင်း ဂျပန်အာဏာပိုင်များက ဩဂုတ် ၁၀ရက်၌ ပြောကြားသည်။**

❖ *ယူကရိန်းနိုင်ငံ ပိုဒိုလင်စတီးကျေးရွာသား အသက် ၃၇နှစ်အရွယ်ရှိ လီရိုနစ်သည် အရပ်ရှစ်ပေ ငါးလက်မရှိရာ ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရမည်ဖြစ်သည်။ ၎င်းသည် တရုတ်နိုင်ငံသား ဘိုစီချန်ထက် အရပ်ရှစ်လက်မ ပိုမြင့်ကြောင်း သိရသည်။* **(အင်တာနက်)**

ဖုံး၊ သွန်၊ လဲ၊ စစ်

ဒေါက်တာ ခင်မောင်လွင်

"ဖုံး၊ သွန်၊ လဲ၊ စစ်"

စာလုံးကလေး လေးလုံးပဲဖြစ်ပေမယ့် အဓိပ္ပာယ်က ကျယ်သည်။ လူပေါင်း သိန်းသန်းချီ၍ အသက်ကယ်နိုင်စွမ်း ရှိပါသည်။ အထူးသဖြင့် ကလေးငယ်များစွာ၏ အသက်ကို သွေးလွန်တုပ်ကွေးလက်မှ ကယ်တင်နိုင်ပါသည်။

သွေးလွန်တုပ်ကွေး မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်မှာ အနှစ်လေးဆယ်ရှိပြီ။ ဖုံး၊ သွန်၊ လဲ၊ စစ် ဆိုသောစကား ဖြန့်ကြက်ခဲ့သည်မှာလည်း ထိုမျှအချိန်ကြာခဲ့ပြီ။ ဖတ်သူဖတ်၊ ကြားသူကြား၊ ပြောသူပြောကြသဖြင့် လူသိများလှသည်။ သို့သော် ထိုစာလုံးလေးလုံးသည် ပြောဖို့မဟုတ် အလုပ်လမ်းညွှန်သာဖြစ်သဖြင့် ယနေ့အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် များပြားနေဆဲ။

"ဖုံး၊ သွန်၊ လဲ၊ စစ်" ဆိုတာဘာလဲ

ရေလှောင်ထားသော ပစ္စည်းများ၊ နေရာများကို လုံခြုံစွာဖုံးအုပ်ဖို့၊ သုံးရက်ကျော်အဖုံးအအုပ်မရှိ ရေသိုလှောင်ထားသည့် ပစ္စည်းများမှ ရေကို သွန်ပစ်ဖို့၊ ရေရှိရာ၊ ရေထည့်ထားရာပစ္စည်းများကို ကြာရှည်စွာ မထားဘဲ သုံးရက်တစ်ခါ ပုံမှန်လဲလှယ်ဖို့၊ ရေလှောင်ရာနေရာများသည် ထုထည်ကြီးပါက ရေကိုမစွန့်ဘဲ ရေစစ်ဖြင့်စစ်ကာ ခပ်ယူဖို့ဖြစ်ပါသည်။

ဘာကြောင့် "ဖုံး၊ သွန်၊ လဲ၊ စစ်"လုပ်ရသလဲ

ခြင်မပေါက်ပွားအောင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ရပါသည်။ အထူးသဖြင့် သွေးလွန်တုပ်ကွေးရောဂါပိုး (ဗိုင်းရပ်စ်ပိုးတစ်မျိုး)ကို သယ်ဆောင်ကူးစက်စေနိုင်သော ခြင်ကျား(ခေါ်)ခြင်ပုန်းကို နှိမ်နင်းလိုသည့်အတွက် ဆောင်ရွက်ရပါသည်။

"ဖုံး၊ သွန်၊ လဲ၊ စစ်"လုပ်ရင် ခြင်ကိုဘယ်လိုနှိမ်နိုင်သလဲ

"ဖုံး၊ သွန်၊ လဲ၊ စစ်" လုပ်ခြင်းသည် ခြင်ကို တိုက်ရိုက်နှိမ်နင်းခြင်းမဟုတ်ဘဲ ခြင်ပေါက်ပွားရာနေရာများကို ဟန့်တားခြင်း၊ မဟန့်တားနိုင်သည့်အတွက် ပေါက်ပွားလာသည့် ခြင်သားလောင်း(လောက်လမ်း)များကို နှိမ်နင်းခြင်းဖြစ်ပါသည်။ သွယ်ဝိုက်သည့် နှိမ်နင်းခြင်းဖြစ်သော်လည်း ပိုပြီးထိရောက်အကျိုးရှိပြီး စရိတ်အကုန်အကျနည်းကာ လူတိုင်းလိုက်လုပ်နိုင်သော နည်းဖြစ်ပါသည်။

ဖုံး။ ရေလှောင်ထားသောပစ္စည်း၊ နေရာများကို လုံခြုံစွာ ဖုံးအုပ်ထားလျှင် ခြင်ဝင်ရောက်ပေါက်ပွားခြင်း မရှိပါ။ (သွေးလွန်တုပ်ကွေးဖြစ်စေသော ခြင်ကျားသည် ရေကြည်ရေသန့်ထဲ၌ ဥချလေ့ရှိသောကြောင့် ဖြစ်ပါသည်။)

*** အားနည်းချက်မှာ ခြင်မဝင်အောင် ဖုံးထားသော အဖုံးအအုပ်များသည် ခြင်ကောင်သာမက အိမ်မြှောင်များ၊ ကြွက်များပါ ဝင်ရောက်နိုင်သည်ကို တွေ့ရပါသည်။**

သွန်။ လှောင်ထားသော ပစ္စည်းအသေးစားများမှာ အဖုံးမပါဘဲ ရေထည့်ထားလျှင် သုံးရက်ကျော်သည်နှင့် သွန်ပစ်ရန် လိုပါသည်။ ထိုရေလှောင်ပစ္စည်းများထဲတွင်ရှိသည့် ရေထဲ၌ ခြင်ကျားများ ဝင်ရောက်၍ ဥထားပြီးဖြစ်သဖြင့် မကြာမီ ခြင်လောက်လမ်းများ ပေါက်ပွားလာတော့မည်ဖြစ်ပါ၍ ပေါက်ခွင့်မရစေရန် သွန်ပစ်ရခြင်း ဖြစ်ပါသည်။

*** အားနည်းချက်မှာ သိုလှောင်ပစ္စည်းများကို သေချာစွာ ပွတ်တိုက်ဆေးကြောပြီး အနည်ပါမကျန်အောင် သွန်ပစ်နိုင်မှု မရှိခြင်း၊ ရေထဲသို့ သွန်ချလိုက်မိသဖြင့် ပိုးလောက်လမ်းများ ပေါက်ပွားခြင်းပင် ဖြစ်ပါသည်။**

လဲ။ ရေရှိရာ၊ ရေထည့်ထားရာ ပစ္စည်းများမှရေကို သုံးရက်တစ်ခါ လဲလှယ်ခြင်းဖြင့် ခြင်ဥများ ဥထားသည့်တိုင် ပိုးလောက်လမ်းပေါက်ပွားမှု မရှိအောင် ကာကွယ်နိုင်ပါသည်။

*** အားနည်းချက်မှာ ဘုရားညောင်ရေအိုး၊ နတ်ပန်းအိုး၊ အလှဆင်ပန်းအိုးများထဲမှရေကို သုံးရက်တစ်ကြိမ်သွန်ဖို့ သတိမရခြင်း၊ အိုးနှုတ်ခမ်းများကို သေချာစွာ ပွတ်တိုက်ဆေးကြောပြီး အနည်ပါမကျန်အောင် သွန်ပစ်မှုမရှိခြင်း ဖြစ်ပါသည်။**

စစ်။ ရေစစ်ကိုသုံး၍ ရေထဲတွင် ပေါက်ပွားလျက်ရှိသော ပိုးလောက်လမ်းများကို ဖယ်ရှားခြင်း ဖြစ်ပါသည်။ ဖောက်၍မရ၊ သွန်ပစ်၍ မဖြစ်သော ရေလှောင်ကန်ကြီးများ၊ ရေလှောင်စည်ကြီးများတွင် ပေါက်ပွားနေသော ခြင်လောက်လမ်းများကို ဤနည်းဖြင့် နှိမ်နင်းရပါသည်။ လက်ကိုင်အရိုးရှည် တပ်ထားသော ရေစစ်အကြီးစားများဖြင့် ရေလှောင်ကန် အောက်ခြေအထိ မွှေခပ်နိုင်မှ ရပါသည်။

*** အားနည်းချက်မှာ လေးထောင့်ပုံသဏ္ဌာန် ရေလှောင်ကန်များ၏ ထောင့်ထဲသို့ မွှေခပ်ပြီး စစ်ထုတ်နိုင်ဖို့ မလွယ်ခြင်းပင် ဖြစ်ပါသည်။ အောက်ခြေအထိ မွှေမခပ်နိုင်လျှင် လောက်လမ်းများ ရှောင်ပုန်းလွတ်မြောက်သွားနိုင်ပါသည်။**

ဘာကြောင့် ရေသိုလှောင်ရာ ပစ္စည်းများကို ပွတ်တိုက်ဆေးကြောပြီးမှ အနည်မကျန်အောင် သွန်ရသလဲ

ခြင်များသည် ရေစပ်တွင်သာ ဥချလေ့ရှိပါသည်။ ရေလှောင်ရာပစ္စည်း အိုး၊ ခွက်စသည်တို့အထဲတွင် ရေမျက်နှာပြင်နှင့် ထိစပ်ရာနေရာများ၌ ခြင်ဥများ ရှိနေပါသည်။ ညောင်ရေအိုး ရေမလဲဘဲ ကြာလျှင် ရေခန်းခြောက်လျော့ပါးသွားသည့် နေရာများ၌ အရိအရွဲများရှိနေသည်ကို မြင်နိုင်၊ စမ်းသပ်ထိတွေ့နိုင်ပါသည်။ ရေကို သွန်ရုံ၊ လဲရုံဖြင့် ထိုအရိအရွဲများ ထွက်မသွားနိုင်ပါ။ ထိုအရိအရွဲများသည် ခြင်ဥများတည်ရှိရာ နေရာများ ဖြစ်ပါသည်။ စင်အောင်ပွတ်တိုက် ဆေးကြောလိုက်လျှင် အနည်ဖြစ်သွားပါသည်။ စင်အောင်ပွတ်တိုက်ပြီး အနည်မကျန်သွန်ပစ်မှသာ ခြင်ဥများ စွန့်ပစ်ရာသို့ ပါသွားပါမည်။ ပွတ်တိုက်ဆေးကြောခြင်းမရှိဘဲ ပစ်ထားသော ညောင်ရေအိုးများထဲတွင် ရေလုံးဝမရှိဘဲ ခြောက်သွေ့နေသည့်တိုင် ခြင်ဥများသည် မသေဘဲ ရှင်သန်နေပါသည်။ ရေပြန်စိုသည်နှင့် ခြင်ပေါက်ပါသည်။ ထို့ကြောင့် ခြင်မရှိဘဲ ပေါက်လာသော လောက်လမ်းများကို သန္ဓေဓဇ (အလိုလိုပေါက်ပွားလာခြင်း)ဟု ရိုးရာအစဉ်အလာအရ ထင်တတ်ကြသည်။ ထို့ကြောင့် လူအများစုသည် ခြင်နှင့်ခြင်လောက်လမ်းများကို မဆက်စပ်မိဘဲ ခြင်လောက်လမ်းနှိမ်နင်းရေးကို စိတ်ပါဝင်စားစွာ ဆောင်ရွက်ကြခြင်း မရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ရေလှောင်ပစ္စည်းများ သာမက ရေတင်နိုင်သည့် ပလတ်စတစ်အမှိုက်များ၊ တာယာများ၊ အုန်းမှုတ်ခွက်များ၊ ခွက်စုတ်ပုံးစုတ်များ၊ သစ်ပင်ခွကြားများ၊ ဝါးပင်ခုတ်ပိုင်းများထဲတွင် ခြင်လောက်လမ်းများ ပေါက်နိုင်ကြောင်း မစဉ်းစားမိကြပါ။

အခြားနည်းများဖြင့် ခြင်နှိမ်နင်း၍ ရသလား

ရပါသည်။ ခြင်နိုင်ဆေးမှုတ်ခြင်း၊ ခြင်နိုင်ဆေးထွန်းခြင်း၊ ခြင်နိုင်ဆေးစိမ် ခြင်ထောင်များ၊ အကာအရံများ အသုံးပြုခြင်း၊ ခြင်လောက်လမ်းသေဆေးများခတ်ခြင်း၊ လောက်လမ်းစားငါးများ၊ ပုစဉ်းသားလောင်းများ ထည့်သွင်းပေးခြင်း စသည့်နည်းများရှိပါသေးသည်။ မိမိတို့မိသားစုရပ်ရွာနှင့် သင့်တော်သည့်နည်းများကို ရွေးချယ်၍ သုံးနိုင်သည်။ သို့သော် **"ဖုံး၊ သွန်၊ လဲ၊ စစ်"** လောက် လွယ်ကူထိရောက်မှု မကျယ်ပြန့်ပါ။

"ဖုံး၊ သွန်၊ လဲ၊ စစ်" အလုပ်ကို ဘယ်အချိန်စလုပ်သင့်သလဲ

အချိန်မရွေးလုပ်နေရပါမည်။ မိမိတို့အိမ်ထဲမှာ၊ အိမ်ဝိုင်းထဲမှာ၊ ကျောင်းထဲမှာ၊ ကျောင်းဝင်းအတွင်းမှာ အမြဲတမ်းစောင့်ကြပ်ကြည့်ရှု၍ စဉ်ဆက်မပြတ် လုပ်သင့်သောအလုပ်ဖြစ်ပါသည်။ အထူးသဖြင့် နွေရာသီတွင် အာရုံစိုက်ပြီးလုပ်ထားပါက မိုးဦးကာလ ခြင်ပေါက်ပွားမှု ပမာဏကို ထိန်းချုပ်ထားနိုင်ပါသည်။ မိုးလယ် ရေများသောအချိန်တွင် ချောင်း၊ မြောင်းများ၊ ရေအိုင်များမှာ ဗွက်အိုင်များ မဟုတ်ဘဲ မိုးရေသန့်များ စုဝေးနေသဖြင့် ခြင်ကျားများသည် ပေါက်နေကျနေရာများ၌ ပေါက်ပွားခွင့်မရခဲ့လျှင် ရရာချောင်းမြောင်း၊ ရေအိုင်များ၌ ပေါက်ပွားနိုင်သဖြင့် နှိမ်နင်းရခက်ပါသည်။ စင်ကာပူနိုင်ငံတွင် ခြင်ပေါက်စရာနေရာ မရှိအောင် လုပ်ထားသော်လည်း ခြင်များသည် ရေတံလျှောက်ထဲမှာ တင်ကျန်နေသော ရေအနည်းငယ်ထဲမှာပင် ပေါက်ပွားနိုင်ကြောင်း တွေ့ရှိရပါသည်။

"ဖုံး၊ သွန်၊ လဲ၊ စစ်" ဘယ်သူတွေလုပ်သင့်သလဲ

မိသားစုတိုင်း၊ မူလတန်းကအစ ကျောင်းသူ၊ ကျောင်းသားတိုင်း၊ ဆရာ၊ ဆရာမတိုင်းသာမက ရပ်သူ၊ ရွာသားအားလုံး တစ်ပြိုင်နက် ဆောင်ရွက်ရန် လိုပါသည်။ တစ်ယောက်နှင့်တစ်ယောက် အထောက်အကူပေးရန်လည်း လိုပါသည်။ ရပ်ရွာလူကြီးများ၊ မိဘ၊ ဆရာများက သုံးရက်တစ်ကြိမ် စဉ်ဆက်မပြတ် စောင့်ကြပ်စစ်ဆေးနေမှသာ ခြင်နှိမ်နင်းရေး အောင်မြင်ပါမည်။

ခြင်ကျားကို နှိမ်နင်းနိုင်လျှင် ဘယ်လိုအကျိုးရှိမှာလဲ

- **ခြင်ကျားများက သယ်ဆောင်ဖြန့်နိုင်သည့် သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ပါသည်။**
- **သွေးလွန်တုပ်ကွေးကြောင့် ကလေး၊ လူကြီးမရွေး သေဆုံးနိုင်သည့်ဘေးအန္တရာယ်မှ ကာကွယ်နိုင်သည်။**
- **သွေးလွန်တုပ်ကွေးရောဂါကြောင့် ဖြစ်ရသော ဒုက္ခ၊ သောကများ၊ ဆုံးရှုံးနစ်နာမှုများ လျော့ပါးသွားမည်။**

"ဖုံး၊ သွန်၊ လဲ၊ စစ်" သည် အပြောမဟုတ်။ အလုပ်ဖြစ်ပါသည်။

တကယ်လုပ်လျှင် အဟုတ်ပင် သွေးလွန်တုပ်ကွေးအန္တရာယ်ကို ကာကွယ်နိုင်ပါသည်။ လူတိုင်းလုပ်မှ အကျိုးရပါမည်။ လူကြားတွင် ခြင်ကျားနေထိုင်ပေါက်ပွားမှု မရှိမှ သွေးလွန်တုပ်ကွေး ကူးစက်မှုကို ဟန့်တားနိုင်ပါမည်။ ။

"ဖုံး၊ သွန်၊ လဲ၊ စစ်" လုပ်ခြင်းသည် ခြင်ကို တိုက်ရိုက်နှိမ်နင်းခြင်း မဟုတ်ဘဲ ခြင်ပေါက်ပွားရာ နေရာများကို ဟန့်တားခြင်း၊ မဟန့်တားနိုင်သည့်အတွက် ပေါက်ပွားလာသည့် ခြင်သားလောင်း (လောက်လမ်း)များကို နှိမ်နင်းခြင်းဖြစ်ပါသည်။ သွယ်ဝိုက်သည့် နှိမ်နင်းခြင်းဖြစ်သော်လည်း ပိုပြီး ထိရောက်အကျိုးရှိပြီး စရိတ်အကုန်အကျနည်းကာ လူတိုင်းလိုက်လုပ်နိုင်သောနည်း ဖြစ်ပါသည်။

ဆေးတက္ကသိုလ် (၂) မြတ်ဆရာ ကန်တော့ပွဲ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂) စတင်ဖွင့်လှစ်သည့် ၁၉၆၃ခုနှစ်မှ ၁၉၆၇ခုနှစ်အတွင်း ကျောင်းဝင်ခဲ့သည့် အတန်းခုနစ်တန်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းမြတ်ဆရာကန်တော့ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ၂၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဒေါက်တာ ဦးဝင်းမြင့် ဖုန်း-၆၄၁၃၁၇၊ ဒေါက်တာ ဦးစိုးမင်းသိန်း (ခ) စိုးအောင် ဖုန်း-၂၉၃၉၆၃၊ ဒေါက်တာ ဦးစိုးသန်း ဖုန်း-၂၂၆၈၅၅-၂၁၅၊ ဒေါက်တာ ဦးကျော်မိုး ဖုန်း-၃၈၂၁၇၇၊ ဒေါက်တာ လူစီကျော်မြ ဖုန်း-၆၆၄၉၄၂၊ ဒေါက်တာ ခင်မောင်မောင်သန်း ဖုန်း-၆၅၀၅၃၄၊ ဒေါက်တာ သန့်လွင်မောင် ဖုန်း-၅၂၇၆၅၆တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၈-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၅ ၆။ တေးဂီတအစီအစဉ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ Grammar made Easy
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ **"တစ်သက်စာ"** ထွန်းထွန်း(Examplez)၊ သဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၃:၀၀ ၇။ စွမ်းဆောင်မှုမှာ စံတင်ထားသူရဲ့ အမည်ချင်းတွင်းတံတား
၁၃:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃:၃၀ ၉။ ရွှေလင်ပန်းတံတား
၁၃:၃၅ ၁၀။ အတီးပြိုင်ပွဲ
၁၄:၀၀ ၁၁။ သက်တံရောင်သံစဉ်
၁၄:၁၅ ၁၂။ အကပြိုင်ပွဲ
၁၄:၃၀ ၁၃။ **"ငါးရစ်မျိုးငါး တို့မစား"** ဇော်၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ-ရဲဝင်းနီ)
၁၄:၄၅ ၁၄။ International News
၁၅:၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သချာအထူးပြု) [သင်္ချာ]
၁၇:၀၀ ၅။ နားဝင်ပီယံသူ့လက်သံ
၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
၁၇:၁၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၅၀)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း-၁၃)
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁၁-၈-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနွားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅ ၅။ ကျန်းမာသုတ
၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **ထာဝရကိုယ်ရံတော်** နေတိုး၊ဆုပန်ထွာ (ဒါရိုက်တာ-ဇော်ဆက်)
၁၃း၅၀ ၇။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၃၀ ၈။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၉။ လျှပ်တစ်ပြက်
၆း၄၅ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၁၀)
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ မိုးလေဝသသတင်း
၁၄။ အမျိုးသားရေးတေးကဗျာ
၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၁၆)

ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးလုပ်ငန်း တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲက ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း (မန္တလေးဘက်ကမ်း)သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း(မန္တလေးဘက်ကမ်း)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်ကမ်းတွင် RP_4 နှင့် RP_5ကြား Tic Bracing များ လဲလှယ်တပ်ဆင်မှု အခြေအနေများ၊ လေတိုက်အား ဒဏ်ခံနိုင်ရန်အတွက် ပင်မသံတိုင်များတွင် သံမဏိပြားများ တပ်ဆင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ (အပေါ်ပုံ)

မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တံတားပေါ်သို့ တက်ရောက်၍ တည်ဆောက်ရေးစီမံကိန်း (မန္တလေးဘက်ကမ်း)၌ ပင်မတံတားနှင့် ချဉ်းကပ်လမ်းတို့တွင် ယာဉ်သွားလမ်းနှင့် လူသွားလမ်း အခြေအနေများအားလည်းကောင်း၊ တံတားဝန်းကျင်လုံခြုံရေး နေရာများအားလည်းကောင်း၊ တံတားဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် RP_4နှင့် RP_5 ကြား Tic Bracing များကို လဲလှယ်တပ်ဆင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က ရှင်းလင်းတင်ပြပြီးတိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းအထူး ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ်ကြီး၏ ဝါတွင်းကာလ တစ်လနှစ်ကြိမ်ကျ ကျင်းပလျက်ရှိသော ၁၀ရက်တရားစခန်းပွဲကြီးကို ဝါခေါင်လဆန်း ၆ ရက်မှ ၁၅ ရက် (ဩဂုတ် ၁၉ ရက်မှ ၂၈ရက်)အထိ ဝါတွင်းဒုတိယအပတ်အဖြစ် ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို အဖွဲ့ချုပ်နာယက မဟာကမ္မဋ္ဌာနာစရိယ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တကစ္စာယနက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဩဂုတ်လအတွက်

၁၂-၈-၂၀၀၇ ရက်နေ့ နှင့် ၂၆-၈-၂၀၀၇ ရက်နေ့

ပေးအပ်လှူဒါန်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၀) ရပ်ကွက် အောင်ဇေယျာလမ်း အမှတ် ၁၀၂၄ နေ ဦးကိုကြီးအားရည်စူး၍ ဇနီးဒေါ်ခင်စန်းနှင့် သားသမီး၊ မြေးမြစ်သားစုတို့က ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းရှစ်သောင်းကိုနှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာဇာတ်ကားသစ်ရုံမဝင်သေးဘဲ ပြဆဲကားများသာပြသ ကိုးဆယ်ဆသာလိမ့်မယ် ဇာတ်ကားသစ် မကြာမီရုံဝင်မည်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဩဂုတ် ၁၀

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ် ရုံဝင်နိုင်ခြင်းမရှိသေးဘဲ ပြဆဲဇာတ်ကားများသာ ဆက်လက်ပြနေဆဲဖြစ်သည်။

ဒါရိုက်တာ မောင်ယဉ်အောင် ဇာတ်ညွှန်းရေးသား ရိုက်ကူးသည့် **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကားမှာ ရိုက်ကူးပြီးစီးနေပြီဖြစ်၍ မကြာမီရုံဝင်လာမည် ဖြစ်သည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ ကျော်ရဲအောင်၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦးတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် **ဒီကောင်ဘယ်သူတုန်း** ဇာတ်ကားမှာ ရွှေ့ဆောင်၊ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသနေသည်။

နိုင်ငံခြားဇာတ်ကားများ

သမ္မတရုံတွင် **Die Hard (4)** ဇာတ်ကားသစ်ရုံဝင်လာပြီး သွင်ရုံတွင် **Chsh**ဇာတ်ကား ဆက်လက်ပြသနေသည်။ မင်္ဂလာအဆင့်မြင့်ရုံတွင် **The Departed** ဇာတ်ကား ပြသနေပြီး နေပြည်တော်ရုံတွင် **Pirates of the Caribbean(3)** ဇာတ်ကားဆက်လက်ပြသနေသည်။ ရွှေဂုန်ရုံ အပေါ်ထပ်၌ **Real Mccay** ရုံဝင်လာသည်။

အိန္ဒိယဇာတ်ကားများ

ရွှေဂုန်ရုံမြေညီထပ်၌ **Salaal-chem** ရုံဝင်လာပြီး မြို့မတန်းမြင့်ရုံတွင် မင်းသား အက်ရှေးကူးမားနှင့် ဆူနီးလ်ရှက်သီးတို့ ခေါင်းဆောင်ပါဝင်ထားသော **AAN** အက်ရှင် အိန္ဒိယဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။

မြို့လယ်ဆုထူးပန်ရုံတွင် ကြမ်းမယ့် အသည်း၊ လွမ်းမယ့်အသည်း အမည်ရ JAAN အိန္ဒိယဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသားကြီး အမ္ဗရစ်ပူရီက ဒုစရိုက်လောက ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော ရဲမှူးကြီးဖြစ်ပြီး မြေးမလေး တွင်ကယ်ခန်နာအတွက် သက်တော်စောင့် အာဂျေးဒေ့ဗ်ဂန်အားငှားရမ်းခန့်ထားမိရာက သက်တော်စောင့်က မြေးမလေး၏ အချစ်ကို သာမက အသက်ကိုပါယူမည့် လက်မရှံ့လူသတ်သမားမှန်း သိရလေသော အခါ မြေးမလေး၏ အသက်ကိုလုယူရန် သဲကြီးမဲကြီး ကြိုးစားရပုံများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဘုရင့်ရုံတွင် နာမည်ကြီးမင်းသား ရှာရွတ်ခန်၊ မဒူရီဒစ်၊ အမ္ဗရစ်ပူရီတို့ ခေါင်းဆောင်ပါဝင်ထားသော Koyla ဇာတ်ကား ပြသနေသည်။

ဗီဒီယိုဇာတ်ကားများ

ဇာတ်လမ်းနှင့် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် **လူမိုက်တစ်ရာ** အဆင့်မြင့်မြန်မာ ဗီဒီယိုဇာတ်ကား နဝဒေးရုံတွင် ရုံဝင်လာသည်။ နယ်ချဲ့ကိုလိုနီခေတ် ရန်ကုန်တွင် လူမိုက်များ သောင်းကျန်းစဉ်က လမ်းမတော်ဖိုးတုတ်၊ ဗိုလ်တထောင်ငမိုး၊ သံတုတ် ငမြ၊ ဓားဘသိန်းတို့အကြောင်း ဖြစ်ရပ်မှန် ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ ယင်းဇာတ်ကားတွင် ကျော်ဟိန်း၊ မင်းဦး၊ မင်းကို၊ သတိုးစော၊ ဖိုးကျော်၊ တင့်တင့်ထွန်း၊ ဖူးဖူးတို့ ပါဝင်ထားသည်။

ဒွေး၊ နန္ဒာလှိုင်တို့ ပါဝင်ထားသော **ချစ်စကားတစ်ခွန်း အမှန်ဆိုပါသည်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရုံ၊ ဘုရင့်နောင်၊ ရောဝတီရုံနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ **(မြန်မာ့အလင်း)**



ဒီကောင် ဘယ်သူတုန်းမှ နေတိုး။

လူမိုက်တစ်ရာမှ ကျော်ဟိန်း၊ တင့်တင့်ထွန်း။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များပေးအပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များပေးအပ်ပွဲ အခမ်းအနားနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၇ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း**(အောက်ဝဲပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို တိုင်းမှူးက တိုင်းစစ်ဌာနချုပ် အတွင်းရှိ တပ်နယ်များသို့ လည်းကောင်း၊ တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များသို့ လည်းကောင်း ပေးအပ်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ကမ္ဘာ့မိခင်နို့တိုက် ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုရရှိကြသူများအား ဆုများချီးမြှင့်ကာ အနောက်ပိုင်း ခရိုင် သရုပ်ပြအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်း ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပညာပေးသရုပ်ဖော် တစ်ခန်းရပ် ပြဇာတ်ဖြင့် တင်ဆက်ကာ ကိုယ်ဝန်ဆောင် မိခင်လောင်းနှင့် နို့တိုက်မိခင်များအား သံဓာတ်ပါ အားဆေးနှင့် အိုင်အိုဒင်းဆားများပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်ယန္တရားများ အစဉ်ကောင်းမွန်အောင်ထိန်းသိမ်း ယာဉ်မောင်း၊စက်ပြင်များ အရည်အသွေးတိုးတက်အောင်ပြုပြင် ဝန်ထမ်းအချင်းချင်းစည်းလုံး၊ မိသားစုစိတ်ဓာတ်ဖြင့်လုပ်ဆောင်

ရန်ကုန် ဩဂုတ် ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ ရက်က ရန်ကုန်တိုင်း အလုံမြို့နယ် ကျောင်းလမ်းရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် မော်တော်ယာဉ်ဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း(ရန်ကုန်) မော်တော်ယာဉ်ဌာနတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား တာဝန်ရှိသူတို့က မော်တော်ယာဉ် ဌာန လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်မော်တော်ယာဉ် ဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(ရန်ကုန်) မော်တော်ယာဉ်ဌာန တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက မော်တော်ယာဉ်ဌာနများသည် ဌာန အသီးသီး၏ ရည်မှန်းချက်လုပ်ငန်းများ အောင်မြင် တိုးတက်စေရေးအတွက် အုပ်ချုပ်ထောက်ပံ့မှု ကဏ္ဍအတွက် အရေးပါသော ဌာနတစ်ခု ဖြစ်ကြောင်း၊ စည်းကမ်းစနစ်တကျရှိသော ဌာန တစ်ခု ဖြစ်စေလိုကြောင်း၊ မိမိတို့အား ယုံကြည်စွာ အပ်နှံထားသည့် ယာဉ်ယန္တရားများ မပျက်စီး၊ မပျောက်ပျက်စေရန်နှင့် အစဉ်ကောင်းမွန်တိုးတက်နေအောင် စနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်နေကြရန် လိုအပ်ကြောင်း၊ ယာဉ်နှင့်ယာဉ်မောင်း၊ စက်ပြင်ဝန်ထမ်းများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရန်မှာ ဌာနဆိုင်ရာ အကြီးအကဲများတွင် အဓိက တာဝန်ရှိနေကြောင်း၊ မိမိလုပ်ငန်းတာဝန်အပေါ် စေတနာထား၊ အပင်ပန်းခံပြီး အောင်မြင်တိုးတက်အောင် ကြိုးစားစွမ်းဆောင်သွားကြရန် လိုအပ်ကြောင်း၊ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သဖြင့် အဆင့်အတန်းအားလုံး စည်းကမ်းလိုက်နာမှုစံနမူနာပြ ဖြစ်စေရန် အလွန်အရေးကြီးကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်ပြီး မိသားစုစိတ်ဓာတ်ဖြင့်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများကို ဖြည့်ဆည်းပေးသည်။

လိုက်လံကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်ဌာနအတွင်းရှိ မော်တော်ယာဉ်များနှင့် ဆီသိုလှောင်ကန်၊ ဆီပန့် အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

လုပ်ငန်းခွင်အကြို ပေါင်းကူးသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသည့် မျိုးဆက်သစ် အင်ဂျင်နီယာငယ်များအတွက် လုပ်ငန်းခွင်အကြို ပေါင်းကူးသင်တန်း အပတ်စဉ် (၂/၂၀၀၇)ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ လှိုင်နယ်မြေ (လှိုင်မြို့နယ်) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ သင်တန်း ဒုတိယထပ် သင်တန်းခန်းမတွင် ဩဂုတ်၂၀ရက်မှ စတင်ဖွင့်လှစ်မည်ဟု သိရသည်။

ပို့ချသင်ကြားမည်

သင်တန်းကာလမှာ ၁၂ရက် ကြာမြင့်မည်ဖြစ်ပြီး အတွေ့အကြုံရှိ ဝါရင့် ဆရာကြီးများက အင်ဂျင်နီယာ ကျင့်ဝတ်၊ အင်ဂျင်နီယာလုပ်ငန်းခွင် စီမံခန့်ခွဲမှု၊ စွမ်းအင်ခြိုးခြံချွေတာ ထိန်းသိမ်းမှု၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် မီးဘေးကာကွယ်ရေး၊ ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှု၊ အချိန်ဇယားသတ်မှတ်ဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်ကျန်းမာရေးနှင့် လုံခြုံစိတ်ချမှု စသည့် သင်ခန်းစာများအပါအဝင် သင်ခန်းစာခေါင်းစဉ် ၁၄ခုကို ပို့ချသင်ကြားကြမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရိုးရာတိုင်းရင်းဖြစ် ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ရန်ကုန် သမဝါယမဒီဂရီကောလိပ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာတိုင်းရင်းဖြစ် ဝတ်စား ဆင်ယင်မှုပြိုင်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲ က ရန်ကုန်သမဝါယမဒီဂရီကောလိပ် ဥတ္တရဆောင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာသိန်းထွန်းက အမှာစကား ပြောကြားပြီး ရန်ကုန်သမဝါယမ ဒီဂရီ ကောလိပ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ဦးရီက အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၂၀၀ ကို ပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက လက်ခံသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲဝင်များက တစ်ဦးချင်းသရုပ်ပြ ယှဉ်ပြိုင်ကြပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ ရန်ကုန် သမဝါယမ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာသိန်းထွန်းနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသော ကျောင်းသူများအား ဆုချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေ ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

11-8 (06) 1 8/11/07, 1:17 AM

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်း အမှတ်(၁၃၄)နေ သိန်းသီဟ၊ သိန်းအဏ္ဏဝါကုမ္ပဏီပိုင်ရှင် ဒေါ်အေးသိန်းနှင့် မောင်နှမများက ငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်ဖြစ်သည့် ဦးအေးကိုက လက်ခံယူစဉ်။ (က-ပ)

သမိုင်းဝင်ကျိုက္ကလဲ့စေတီတော် ရွှေသင်္ကန်းကပ်လှူရေး လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၀

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလဲ့ စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်းကို ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ပန်းဆွဲတော်မှ ခေါင်းလောင်းတော်အထိ ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။ စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဦးကိုကိုအေး-ဒေါ်သီသီနိုင်မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဦးကျော်မြင့်-ဒေါ်ချိုချိုမြင့်မိသားစုက ငွေကျပ်နှစ်သိန်းငါးထောင်၊ ဗိုလ်မှူးကြီးမြင့်အောင်-ဒေါ်အေးအေးကျင်မိသားစုက ငွေကျပ်လေးသိန်းငါးထောင်၊ ဗိုလ်မှူးစိုးမြင့်-ဒေါ်ညွန့်တင် မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးအောင်ခင် (စင်ကာပူ)က ငွေကျပ်တစ်သိန်းငါးထောင်၊ ဦးမင်းအောင်-ဒေါ်သန်းသန်း မြင့်မိသားစုက ငွေကျပ် တစ်သောင်းငါးထောင်၊ ဦးသိန်းမင်း-ဒေါ်စန်းစန်း မြင့်မိသားစုက ငွေကျပ်တစ်သောင်းငါးထောင်၊ မမြသီတာလွင်က ငွေကျပ် တစ်သောင်းငါးထောင်၊ ဦးကျော်စိန်-ဒေါ်မန်းက ငွေကျပ် နှစ်သောင်းလေးထောင်၊ ဦးရဲဝင်း - ဒေါ်တင်တင်စိုးမိသားစုက ငွေကျပ် တစ်သောင်းငါးထောင်၊ ဒေါ်ဝါဝါမွန် မိသားစုက ငွေကျပ်သုံးသောင်း၊ ဗိုလ်ကြီးထွန်းမြင့်-ဒေါ်တင်အေးမိသားစုက ငွေကျပ် တစ်သောင်းငါးထောင်၊ ဦးမြလှိုင်-ဒေါ်မြစန်းရီ မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးခင်မောင်ဆွေ မိသားစုက ငွေကျပ် တစ်သောင်းငါးထောင် လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည် ပေးအပ်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

စေတီတော်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူနိုင်ရေးအတွက် ရွှေသင်္ကန်း တစ်ချပ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဥတ္တမ ဖုန်း-၆၃၅၂၅၉ သို့လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၆၃၉၅၀၁ သို့ လည်းကောင်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၆၃၆၃၁၀ နှင့် ဂေါပကအဖွဲ့ရုံးဖုန်း - ၆၃၆၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

● *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက ခေနဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကြိုတင်ကာကွယ်ရေး ရှေ့တန်းအခြေစိုက်စခန်းများနှင့် ရေကင်းစခန်းများထားရှိ၍စောင့်ရှောက်နေမှု၊ တာအိ၊ တာလျှော့ခြင်းများ ဖြစ်ပေါ်ပါက ကျိုးပေါက်မှုမရှိစေရန်အတွက် လုပ်ဆောင်ရမည့်နည်းလမ်းများအား လေ့ကျင့်ထားရှိမှု၊ လူ၊ ယာဉ်၊ ပစ္စည်းများစုဆောင်းထားရှိမှု၊ ယခင်နှစ်က ရောက်ရှိသည့် ရေမှတ်အမြင့်ဆုံးနှင့် ယခုနှစ်ရောက်ရှိသည့်ရေမှတ် အခြေအနေ အပေါ်မူတည်၍ အဆင့်ဆင့်လုပ်ဆောင်ရန်စီမံထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

သရုပ်ပြမှု

ထို့နောက် ဝန်ကြီးသည် ကန်ဇင်းတော တာရေမှတ်နှင့် သရုပ်ပြဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇလွန်မြို့နယ် ကျုံရှကျေးရွာရှိ မြစ်ရေကြီးမှု ကာကွယ်ထားသည့် တာများကြံ့ခိုင်မှုနှင့် ရေကင်းစခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးယဉ်ထွေးနှင့်ဧရာဝတီတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဆန်းတို့က ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဇလွန်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးယဉ်ထွေးက မြို့နယ်၏ မိုးစပါး၊ နွေစပါးအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ဧရာဝတီမြစ်ရေမြင့်တက်မှုအခြေအနေ၊ ဌာနဆိုင်ရာများ၊ မြို့နယ်လူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့ဘက်ကမ်း တာမိုင် ၁၅ မိုင် ၁ဖာလုံနှင့် အနောက်ဘက်ကမ်း တာမိုင်၂၅မိုင် ၅ဖာလုံတွင် တာမိုင်အလိုက် ရေကင်းများချထား၍ စောင့်ရှောက်နေမှု၊ တာကြံ့ခိုင်ရေး စစ်ဆေးမှု၊ ပန်းတာနှင့် ရေလွှဲတန်းများ ပြုလုပ်ထားမှု၊ ဇလွန်မြို့ မြစ်ကမ်းထိန်းသိမ်းမှုနှင့် မြစ်ရေဝင်အနိမ့်ပိုင်းဒေသများတွင် ပြန်လည်စိုက်ပျိုးရန် စပါးပျိုးများ ပျိုးထောင်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရေကင်း

ဆက်လက်၍ ဇလွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှခိုင်က ရှေ့တန်းရေကင်းစခန်းများ၊ ရေကင်းကြီးကြပ်ရေး အဖွဲ့များနှင့်အတူ မြို့နယ်၏ ရေဘေး ကြိုတင်ကာကွယ်မှုလုပ်ငန်းများတွင် အသင်းဝင်များက ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားပြီး တွေ့ဆုံပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ ဆက်လက်၍ ဝန်ကြီးသည် ဇလွန်မြို့ ဆိပ်ကမ်းအနီးရှိ ရေကင်းစခန်း အမှတ်(၂)သို့ သွားရောက်စစ်ဆေးသည်။

(သတင်းစဉ်)

ဖခင် ဦးဘိုးလုံ-မိခင် ဒေါ်ခင်လှိုင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း အင်းစိန်မြို့ မြို့သစ် က-၄ လမ်း အမှတ် ၂၆၃ နေ ဦးအောင်လှ-ဒေါ်အေးအေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ ပတ်လွှ၊ လွှဝိုင်း၊ ဓား၊ ဆူး၊ ဆောက်စသည်များ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း သင်တန်းအမှတ်စဉ် ၈ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်း၏ သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က အမှာစကားပြောကြားပြီး သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင်စိုးက သစ်အခြေခံ စက်မှုနည်းပညာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)

ထို့နောက် သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန ကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ကြာမြင့်

အဆိုပါသင်တန်းသို့ သစ်အခြေခံ စက်ရုံ၊ အလုပ်ရုံများမှ သင်တန်းသား ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကြေးနှင့် ကုန်ကျစရိတ်များကို မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက ဆောင်ရွက်ပေး၍ သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်မည် ဖြစ်သည်။

ဖွင့်လှစ်

ယင်းသစ်အခြေခံ စက်မှုနည်းပညာ သင်တန်းများကို စဉ်ဆက်မပြတ် ဆက်လက် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ဆီးချိုရောဂါထိန်းချုပ်ရေးတွင် အရိုးမှာ ထိရောက်အသုံးဝင်

လန်ဒန် ဩဂုတ် ၁၀

ခန္ဓာကိုယ်၏ နက်နဲသောပြောင်းလဲမှုကိုထိန်းရာ၌ အရိုးသည် ယခင်ထင်မြင်ယူဆထားသည်ထက် ပိုမိုထိရောက် အသုံးဝင်ကြောင်း သိပ္ပံပညာရှင်များက ပြောဆိုသည်။

ကြွက်များ၏ သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်ကိုထိန်းပေးရန် အရိုးကလာပ်စည်းများမှ ထုတ်လုပ်သည့် အရိုးကယ်လ်စင်သည် များစွာထိရောက်အကျိုးပြုကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များက စူးစမ်းတွေ့ရှိသည်။

၎င်းသည် ဆီးချိုရောဂါနှင့် အဝလွန်မှုဖြစ်ထွန်းရေးတွင်အရေးပါသည့်အတွက် ထိုရောဂါများကုသရေးတွင်နည်းလမ်းသစ်ရရှိမည်ဟုလည်း မျှော်လင့်ရသည်ဆို၏။ သို့သော် နောက်ထပ်သုတေသနများ ပြုလုပ်ရန်လိုအပ်ကြောင်း သတိပေးထားသည်။

ဆီးချိုရောဂါ ကြီးထွားရင့်သန်မှုတွင် အရိုး၏အခန်းကဏ္ဍ ပါဝင်ပတ်သက်မှုကိုဆီးချိုရောဂါသုတေသနလုပ်ငန်းများတွင် ယခင်မတွေ့ရှိခဲ့ဖူးသဖြင့် ယခု စူးစမ်းဖော်ထုတ်ချက်မှာ သုတေသန ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်သည်ဆို၏။

ဗိုလ်တထောင် အထက (၅) အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၀

၁၉၈၅ မှ ၁၉၉၇ အထိ ပညာသင်ကြားခဲ့သော သူငယ်ချင်းများအားလုံး စုပေါင်း၍ ကျေးဇူးရှင်ဆရာ၊ ဆရာမများအား ဒီဇင်ဘာ ၄ ရက် (အမျိုးသားနေ့)တွင် ကျောင်းခန်းမ၌ ကန်တော့ပွဲကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်နှင့် ပြည်ပသို့ ရောက်ရှိနေသော သူငယ်ချင်းများအားလုံး ဒေါ်ကြူကြူဇင် ဖုန်း-၂၉၀၃၉၄၊ ဒေါ်ကြင်စီ ဖုန်း- ၇၂၄၅၃၆၊ ဒေါ်စုစုဖေ ဖုန်း-၂၉၂၁၁၃၊ ရဲဝင်းအောင် ဖုန်း-၀၉-၉၉-၇၁၄၈၀၊ ၅၅၅၃၄၁၊ ၅၄၁၀၁၃၊ မျိုးဇော်ဝင်း ဖုန်း-၀၉-၅၀-၁၀၈၇၆၊ ၂၉၆၇၃၁၊ ရဲနန္ဒာသိန်း ဖုန်း-၀၉-၉၉-၂၅၂၄၁၊ ဝတ်ရည်ကျော်မောင် ဖုန်း-၀၉-၅၀-၁၇၈၀၅၊ ၂၂၄၄၉၀၊ သူရထွန်း ဖုန်း-၂၂၁၄၁၉၊ ထွန်းအေး ဖုန်း-၀၉-၅၀-၁၀၄၉၇၊ ကျော်ဦး ဖုန်း -၀၉-၅၁-၆၇၀၇၀၊ စိုးစံဝင်း ဖုန်း-၀၀၆၅-၉၈၅၇၀၅၃၉၊ ရဲကျော်ထက် ဖုန်း-၀၀၆၅-၈၁၉၈၄၄၄၉၊ ရွှေရည်ဝင်း ဖုန်း-၀၉-၅၁-၉၁၈၆၀ နှင့် ဆွေဆွေထွန်း ဖုန်း-၀၉-၅၁-၈၇၉၁၉၊ ၂၉၄၁၉၈ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင်(၁၉)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နာယူနိုင်သည်။

ထို့ပြင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ထားသည့် လက်တွေ့ဝိပဿနာ အထိုင်စခန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပညာရည်ထူးချွန်ဆု ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၀

၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သုံးဘာသာ ဂုဏ်ထူးနှင့် အထက် ဂုဏ်ထူးရရှိ အောင်မြင်ကြသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်တို့၏ သားသမီး ကျောင်းသားကျောင်းသူများကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပညာရည်ထူးချွန်ဆု ချီးမြှင့်ပေးမည်ဖြစ်သည်။

လျှောက်ထားပေးပို့

သုံးဘာသာဂုဏ်ထူးနှင့် ယင်းအထက် ဂုဏ်ထူးရရှိခဲ့ကြသည့်ကျောင်းသား ကျောင်းသူများ၏ အဖွဲ့ဝင် ဖခင် (သို့မဟုတ်) မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား၊ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း (သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ အဖွဲ့ဝင်ဖခင်(သို့မဟုတ်) မိခင်၏ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့် သက်ဆိုင်ရာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်) ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စောင်းတန်းပြုပြင်ရေး လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမရှိ ဆရာတော်ကြီးကျောင်းတိုက်အတွင်းရှိ သိမ်တိုက်ကျောင်း စောင်းတန်းများ ပြန်လည်ပြုပြင်ဆောက်လုပ်မည်ဖြစ်ပါ၍ မူလအလှူရှင်များနှင့် ပါဝင်လှူဒါန်းလိုသူများ အထက်ပါကျောင်းတိုက်ဆရာတော်ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းပို့ချ

ရန်ကုန် ဩဂုတ် ၁၀

ကမာရွတ်မြို့နယ် ကျန်းမာရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဩဂုတ်၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင် **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်နု၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်နွယ်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်သန်းသန်းနွဲ့နှင့်ဒေါ်အပွားလေးတို့က ဆွေးနွေးပို့ချပြီး ရပ်ကွက် ၁၀ခုမှ သင်တန်းသားသင်တန်းသူ ၁၅၀ တက်ရောက်ကြကြောင်းသိရသည်။ **(က-ပ)**

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းကျန်းမာရေး သီတင်းပတ် အကြိုလှုပ်ရှားမှုအဖြစ် သွေးလွန်တုပ်ကွေးရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာပေးမေးခွန်းများ ဖြေဆိုနိုင်ရန်အတွက် နံရံကပ်ပိုစတာများကို ဇူလိုင် ၃၁ရက်က ကျောင်းသား ကျောင်းသူလေးများ စိတ်ဝင်တစား လေ့လာကြည့်ရှုကြစဉ်။ (၁၂၉)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၀

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို တာမွေမြို့နယ်အတွင်းရှိ မအူကုန်းရပ်ကွက်၊ နတ်မောက်ရပ်ကွက်၊ ပုသိမ်ညွန့်ရပ်ကွက်များတွင် ယနေ့နံနက်ပိုင်းမှ နေ့လယ်ပိုင်းအထိ ဆောင်ရွက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှူး ဒေါက်တာအောင်သန်း၊ လက်ထောက်ဌာနမှူး ဒေါက်တာကြည်ကြည်သန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေ၊ မြို့နယ်အလုပ်အမှုဆောင် လူမှုယဉ်ကျေးမှုတာဝန်ခံ ဦးကျော်တင့်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်စည်ပင်သာယာ ကျန်းမာရေးမှူးဦးမြင့်ထွန်းနှင့်အဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ အခြားလူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရပ်ကွက်များအတွင်း တစ်လမ်းဝင်တစ်လမ်းထွက် တစ်အိမ်တက်ဆင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်၊ ခြင်ဆေးဖျန်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

အိမ်ဝန်းကျင်၌ ခြင်များမခိုအောင်းနိုင်ရန် သီတင်းတစ်ပတ် နှစ်ကြိမ် ရှင်းလင်းသင့်

✱ ကျောဖုံးမှ

အားဖြင့် နေ့အချိန်၌ လူကိုကိုက်ရာမှ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားရခြင်းဖြစ်သည်။

ထိုခြင်ကျားများသည် လူတို့နှင့် အနီးကပ်ဆုံးနေရာတွင် ပေါက်ပွားရှင်သန် နိုင်ကြသည်။ ဘုရားညောင်ရေအိုး၊ အလှပန်းအိုး၊ ရေကြည်၊ ရေသန့်ရှိနေသော ခွက်များအတွင်း အလွယ်တကူ ဥများအုကာပေါက်ပွားရှင်သန်ကြသည်။ ထို့ကြောင့် လူများနှင့် အနီးကပ်ဆုံးနေရာတွင် ပေါက်ပွားကာ လူတို့အား အချိန်မရွေး ရောဂါဖြစ်ပွားစေခြင်းဖြစ်သည်။

အန္တရာယ်ကြီး

သွေးလွန်တုပ်ကွေးရောဂါသည် အလွန်အန္တရာယ်ကြီးသော ရောဂါဖြစ်သည်။ အချိန်မီ နည်းလမ်းမှန်ကန်စွာ မကုသနိုင်ပါက အသက်သေဆုံးနိုင်သည်။

ထို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် လူမမာကို ရေမကြာခဏ တိုက်ပေးရမည်ဖြစ်ပြီး အဝတ်များ ခဏချွတ်၍ ရေဖတ်တိုက်ပေးနိုင်သည်။ လူမမာသည် နှစ်ရက်ခန့်အပူချိန်များပြီး အဖျားမကျပါက အနီးဆုံးဆေးရုံသို့ အမြန်ခေါ်ဆောင်သွားရမည်ဖြစ်သည်။

ထို့အတူ သွေးလွန်တုပ်ကွေးဖြစ်နေသောလူသည် ချွေးများထွက်ပြီး အဖျားကျသွားသော်လည်း အားနည်းကာ မစားမသောက် ဖြစ်နေပါက အန္တရာယ်ရှိသဖြင့် ပေါ့ဆစွာမနေဘဲ နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်ပြသရမည်ဖြစ်သည်။

သတိချပ်

အထူးသတိထားရမည်မှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပြီး အဖျားရှိနေသော လူမမာကို အက်စပရင်ပါသော ဘတ်စပရိုက်ကဲ့သို့ အဖျားကျဆေး မတိုက်မိရန် အထူးအရေးကြီးသည်။ အမြန်ဆုံးဆေးရုံကိုသာ သွားရောက်ရမည်ကို သတိချပ်ရမည်ဖြစ်သည်။

ထိုသို့သော သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်ပွားမှုကုသခြင်းထက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်းက အကောင်းဆုံးပင်ဖြစ်သည်။ မည်သို့ကာကွယ်မည်နည်း၊ အလွန်လွယ်ကူသော နည်းလမ်းများဖြင့် ကာကွယ်နိုင်သည်။

ဤသို့ နေရောင်ရသောနေရာ၊ အလင်းရောင် လုံလောက်စွာရသောနေရာနှင့် လေဝင်လေထွက်ကောင်းသော နေရာများတွင် ကလေးငယ်များ ဆော့ကစားခြင်းသည် ခြင်ကိုက်မှုမှ ကင်းဝေးစေသဖြင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကို ကာကွယ်နိုင်သည်။

ထိရောက်မှု

ပထမဦးစွာ ခြင်ကိုက်ခြင်းမှ ဖြစ်ပွားသော ရောဂါဖြစ်သဖြင့် ခြင်ကိုက်ခြင်းမှ ကာကွယ်ရန် အထူးလိုအပ်သည်။ ထိုသို့ ကာကွယ်ရန်အတွက် လူကြီးရော ကလေးပါ နေ့ညအိပ်သည့်အခါ ခြင်ထောင်ထဲတွင်အိပ်ခြင်းသည် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး ကာကွယ်မှုတစ်ခုပင်ဖြစ်သည်။

လေဝင်လေထွက်

ထို့အပြင် လူကြီးများ အလုပ်လုပ်သောနေရာ၊ ကလေးများကစားသော နေရာများသည် ခြင်ကျားများ မခိုအောင်းနိုင်ရန် အလင်းရောင်လုံလောက်စွာရပြီး လေဝင်လေထွက်ကောင်းသော နေရာဖြစ်ခြင်းသည်လည်း သွေးလွန်တုပ်ကွေးမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်းတစ်ရပ်ပင် ဖြစ်သည်။

ကာကွယ်နိုင်

တစ်ဖန် တစ်ပတ်တစ်ခါ အိမ်အတွင်း၌ ခြင်ခိုအောင်းနိုင်သော နေရာများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်းအိုးများနေ့စဉ်ရေလဲခြင်း၊ ခြင်မပေါက်စေရန် ရေခံခွက်များအတွင်း ဆားထည့်ခြင်း၊ ရေစဉ့်အိုးများကို ခြင်လုံစေရန် ဖုံးထားခြင်း၊ အိပ်ရာများ၊ အဝတ်များ၊ မျက်နှာသုတ်ပဝါများကို သန့်ရှင်းသပ်ရပ်စွာထားပြီး ခြင်မခိုအောင်းနိုင်အောင် ကာကွယ်ခြင်း၊ သီတင်းတစ်ပတ်လျှင် တစ်ကြိမ် ရေထည့်ထားသောခွက်များ၊ ရေစည်များ၊ ကြောင်အိမ်အောက်ခံခွက်များကို ဆေးကြောရေလဲပေးခြင်း၊ ရေစည်များ၊ ရေအိုးများကို အဖုံးအုပ်ထားခြင်းတို့ ပြုလုပ်ခြင်းဖြင့် ခြင်များဥအုခြင်းမှ ကင်းဝေးကာ ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်သည်။

ဖယ်ရှားရှင်းလင်း

နောက်တစ်ချက်မှာ အိမ်ပြင်ပနှင့် အိမ်ပတ်ဝန်းကျင်တွင် ခြင်များမခိုအောင်းနိုင်ရန်နှင့် ခြင်မပေါက်ပွားနိုင်ရန် သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် ရှင်းလင်းပေးသင့်သည်။ ထိုသို့ ရှင်းလင်းရာတွင် ရေဝင်နေသော အုန်းမှုတ်ခွက်များ၊ ခွက်များ၊ အိုးခြမ်းပဲ့များ၊ သစ်ခေါင်းများ၊ တာယာအဟောင်းများစသည်တို့ကို ဖယ်ရှားရှင်းလင်းပစ်ရမည်ဖြစ်သည်။

ထို့အပြင် ရေမသွန်နိုင်သည့် အုတ်ကန်၊ ရေစည်၊ ရေကန်များတွင် ပိုးလောက်လမ်းစား ငါးထည့်ရန် သို့မဟုတ် Abate ဆေးခတ်ရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့်တိုင်ပင်၍ လိုအပ်သလို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကြိုတင်ကာကွယ်

ထိုသို့စနစ်တကျပြုလုပ်ဆောင်ရွက်ပါက ရာသီအလိုက်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။ အန္တရာယ်ကြီးသော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများသော အချိန်ကာလများတွင် ကြိုတင် ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်ဖြစ်ရာ ပြည်သူများအနေဖြင့် တစ်ဦးတစ်ယောက်မှသည် မိသားစုအလိုက်၊ မိသားစုတစ်စုချင်းမှသည် ရပ်ကွက်၊ ကျေးရွာအလိုက်၊ ထိုမှ မြို့နယ်နှင့် တိုင်းအလိုက် ဆောင်ရွက်သွားပါက သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုနည်းပါးပြီး ကာကွယ်တားဆီးသွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တရားနာယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မဟာဗောဓိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက ရွတ်ပွား ချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဧည့်ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။

(သတင်းစဉ်)

ရေဖြူမြို့နယ်တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ရေဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးဦးဆောင်မှုဖြင့် ရပ်ကွက်ကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အသီးသီး၏ စုပေါင်းပါဝင်လှူဒါန်းမှုတို့ဖြင့် ဇူလိုင် ၂၁ ရက်မွန်းလွဲ ၂နာရီတွင် ရေဖြူမြို့ ၈ ရပ်ကွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ သံဃာတော် အရှင်သူမြတ်၁၂ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖေသန်းနှင့်အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်း အဖွဲ့အစည်း အသီးသီးမှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ ကျေးရွာအသီးသီးမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပြည်သူအင်အား စုစုပေါင်း ၈၀ကျော် တက်ရောက်ကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ဟသ်ာတအသင်း အဆောက်အအုံ အလှူငွေပေးအပ်ပွဲ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၄၅လမ်းပေါ်ရှိ ဟသ်ာတအသင်း အဆောက်အအုံကို ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် သုံးထပ်တိုက်ပြန်လည် တည်ဆောက်မည်ဖြစ်ရာ ဟသ်ာတအသင်းသူ အသင်းသားများနှင့် ဟသ်ာတနွယ်ဝင် မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အလှူငွေများ ထည့်ဝင်လှူဒါန်းကြရန် ဖိတ်ခေါ်ထားသည်။

လှူဒါန်းနိုင်

ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဩဂုတ်၁၂ရက် (တနင်္ဂနွေနေ့)တွင် ဟသ်ာတအသင်းတိုက် အမှတ် ၁၈၄/၁၈၆တွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ ကြွရောက်လှူဒါန်းနိုင်ကြသည်။

အလှူငွေများကို ဦးမျိုးဆွေ ဖုန်း–၅၈၄၇၃၄၊ ဦးတင်ရှိန် ဖုန်း–၅၀၂၃၀၃၊ ဟသ်ာတမြင့်ငွေ ဖုန်း–၅၃၇၄၀၆၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း–၃၉၂၂၂၁၊ ဦးသန်းဦး ဖုန်း–၂၅၃၁၁၀၊ ဒေါ်ညွန့်ညွန့် ဖုန်း–၂၄၅၃၉၅တို့သို့ ဆက်သွယ် စာရင်းပေးရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

ဆက်ကပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၁၀

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ဩဂုတ် ၁၉ရက်မှ၂၆ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်းကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည် ဖြစ်သည်။ တရားစခန်းပွဲတွင် ရန်ကုန် တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသီဟ (ပုသိမ်)အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဩဂုတ်၁၈ရက်(စနေနေ့) ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက်စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဟိတေသီအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ (၄၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၂၆ ရက် (၁၃၆၉ ခု၊ ဝါခေါင်လဆန်း ၁၃ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဟိတေသီအဖွဲ့ဝင်များမပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ခြံအမှတ် ၁၇၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာ ၁ လမ်း၊ သဃ်န်းကျွန်း မြို့နယ်နေ ဦးလှိုင်ဝင်း (ဒုတိယဝန်ကြီး ငြိမ်း)–ဒေါ်စန်းစန်း မိသားစုက (၄၅) နှစ်မြောက် မင်္ဂလာအထိမ်းအမှတ် အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။

(က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၈–၂၀၀၇

(စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	‘ပြုံးသေနည်းလှည့်လောက’ တရားတော် [ဆရာတော်အရှင်သုန္ဒ(မိုးကုတ်)]
၈း၁၅	မိသားစုဖျော်ဖြေရေးကိရိယာများ Panasonic မှအလေးထား
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	The Game Guide(Counter Strike)
၉း၀၀	တေးဂီတအစီအစဉ်
၉း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ချစ်စကားတစ်ခွန်းအမှန်ဆိုပါသည်”
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	လူတိုင်းအတွက်ရှေ့ဦးသူနာပြု (ရိုးဆက်ကြောနှင့်အရိုးများထိခိုက်ခြင်း)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	Language Lab [ကမာရွတ် အမက(၂)]
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	အရက်အန္တရာယ် (သိပ္ပံမှူးတင်)
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	CELLO ဆိုသည်မှာ
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	သစ်ခွ
၁၂း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅	ရေမြင့် ကြာတင့် ခန့်စည်သူ၊ဇရာ၊ငှက်ပျောကြော်၊ ထင်ပေါ်၊မိုးပြည့်ပြည့်မောင်၊တက္ကသိုလ်ငွမ်းပုံ (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၂း၃၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

	ညပိုင်းပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Sunderland-Tottenham	ESPN(Live)
၈း၂၅	Westham-Man:City	ESPN(Live)
	Bolton-Newcastle	Star Sports(Live)
၁၀း၄၀	AstonVilla-Liverpool	Star Sports(Live)
၁၁း၀၀	Everton-Wigan	ESPN(D)

NLD ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိတော့ ‌မြောင်နှင့် ပုသိမ်မြို့နယ်တို့မှ ပါတီဝင်လေးဦးနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၀

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ဦးမြင့်ဦးသည် ဇူလိုင် ၂၅ ရက်တွင်လည်းကောင်း၊ ဦးသိန်းလွင် အပါအဝင် ပါတီဝင်နှစ်ဦးနှင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ဦးကျော်အုန်းတို့သည် ဇူလိုင် ၂၆ရက်တွင်လည်းကောင်း ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

မြောင်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မုဒုံမြို့နယ်၌ ရထားလမ်းပိုင်းအချို့ ရေကျော်မှုကြောင့် ရထားများ ခေတ္တရပ်နားခဲ့ရ

နေပြည်တော် ဩဂုတ် ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဩဂုတ် ၇ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ်၉ရက် မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ် ကွမ်လှာကျေးရွာဘူတာအနီးရှိ ရထားလမ်း မိုင်တိုင် အမှတ်(၂၁၃/၁၀)နှင့် (၂၁၃/၁၉)အကြား ရထားသံလမ်းပေါ်သို့ တစ်ပေကျော်ခန့် ရေကျော်လျက်ရှိကြောင်း၊ ရထားသံလမ်းရေကျော်မှုကြောင့် ရေးမှမော်လမြိုင်သို့ ထွက်ခွာလာသော အမှတ်(၁၇၂)အစုန်ကုန်ရထားသည် ဖြတ်သန်းမောင်းနှင်နိုင်ခြင်း မရှိသဖြင့် သံဖြူဇရပ်ဘူတာသို့ ပြန်လှည့်ခဲ့ရပြီး ဘူတာ၌ မွန်းလွဲ၁နာရီခွဲတွင် ရောက်ရှိရပ်နားထားရကြောင်း၊ ရန်ကုန်မှ ထားဝယ်သို့ထွက်ခွာလာသော အမှတ်(၁၇၅)အဆန် လူစီးရထားသည်လည်း ကမာဝက်လေးရွာဘူတာ၌ ညအိပ်ရပ်နားခဲ့ရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ပေကျင်းမြို့ပြင်ရှိ မဟာတံတိုင်းပေါ်တွင် ကလေးငယ်များ ရိုးရာ တူရိယာများဖြင့် တီးခတ် ဖျော်ဖြေနေသည်ကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရေနံထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် ယူဂန္ဒာနှင့် မလေးရှား သဘောတူညီ

ကမ်ပါလာ ဩဂုတ် ၁၀

အာဖရိက အရှေ့ပိုင်းနိုင်ငံများတွင် လောင်စာထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် ယူဂန္ဒာနှင့် မလေးရှားနိုင်ငံတို့သည် ရေနံထုတ်လုပ်ရေးနှင့် သန့်စင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ သဘောတူညီချက်ကို မလေးရှားနိုင်ငံသို့အလည်အပတ်ရောက်ရှိနေသော ယူဂန္ဒာသမ္မတ ဂိုဝါရီမူဆာဗာနီနှင့် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီတို့ ဩဂုတ် ၆ရက်က တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

စေလွှတ်မည်

မလေးရှားဝန်ကြီးချုပ် ဘာဒါဝီ အနေဖြင့် ယခုပြုလုပ်မည့် စီမံကိန်းအတွက် ယူဂန္ဒာနိုင်ငံတွင် လေ့လာသင်ကြားမှုများ ဆောင်ရွက်နိုင်ရန်အတွက် မလေးရှားနိုင်ငံမှ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစေလွှတ်ပေးမည်ဖြစ်သည်။

ဖိတ်ကြား

ယူဂန္ဒာသမ္မတ မူဆာဗာနီကလည်း လာမည့် နိုဝင်ဘာလတွင် ကမ်ပါလာမြို့၌ကျင်းပမည့် အစိုးရထိပ်သီးအစည်းအဝေးသို့ မလေးရှားဝန်ကြီးချုပ်အား တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ယူဂန္ဒာနိုင်ငံအတွင်း ရထားလမ်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွန်ဂို၌ ရှားပါးသတ္တဝါမျိုးစိတ်သစ် ခြောက်မျိုးတွေ့ရှိ

နယူးယောက် ဩဂုတ် ၁၀

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်းဒေသတွင် ရှားပါး လင်းနို့တစ်မျိုးနှင့် ဖားမျိုးစိတ်နှစ်ခု အပါအဝင် သတ္တဝါမျိုးစိတ်အသစ် ခြောက်မျိုးကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မီဒီယာများက ဩဂုတ် ၇ရက်၌ ဖော်ပြသည်။

ကွင်းဆင်းသုတေသနပြု

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ဘက် သစ်တောများ ထူထပ်ရာဒေသရှိတန်ဂန်ယီကာရေအိုင် အနောက်ဘက်တွင် နယူးယောက် အခြေစိုက် သုတေသနပညာရှင်များအဖွဲ့မှ သုတေသန ပညာရှင်များက ပြီးခဲ့သည့် ဇန်နဝါရီနှင့် မတ်လအကြား ကွင်းဆင်းသုတေသနပြုခဲ့ရာမှ အဆိုပါသတ္တဝါမျိုးစိတ်သစ် ခြောက်မျိုးကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ထိုသတ္တဝါ မျိုးစိတ်သစ်ခြောက်မျိုးမှာ လင်းနို့မျိုးစိတ် တစ်ခု၊ ရှဉ့်မျိုးစိတ် တစ်ခု၊ ကြွက်မျိုးစိတ် နှစ်ခုနှင့် ဖားမျိုးစိတ် နှစ်ခုတို့ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘူလ်ဂေးရီးယား၌ ရေလွှမ်း ခုနစ်ဦး သေဆုံး

ဆိုဖီရာ ဩဂုတ် ၁၀

ဘူလ်ဂေးရီးယားနိုင်ငံတွင် ဩဂုတ် ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မုန်တိုင်းများတိုက်ခတ်မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ကာ ခုနစ်ဦး သေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း ဘူလ်ဂေးရီးယားအရာရှိများက ဩဂုတ် ၈ရက်၌ ပြောကြားသည်။

အသက်အရွယ်ကြီးရင့်

ရေလွှမ်းမှုအဆိုးရွားဆုံး ဖြစ်ပွားရာဒေသများမှာ ဘူလ်ဂေးရီးယားနိုင်ငံ မြောက်ပိုင်းဒေသများတွင်ဖြစ်ပြီး သေဆုံးသူ ခြောက်ဦးမှာ အသက်အရွယ်ကြီးရင့်သူများ ဖြစ်ကြောင်း သိရသည်။

ပျက်စီး

ထို့အတူ အိမ်နီးချင်း ရိုမေးနီးယားနိုင်ငံနယ်စပ်တွင်လည်း မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ တံတားများ ပျက်စီးခြင်း၊ ဓာတ်ကြိုးများ ပြတ်ကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် မြစ်ရေလျှံမှုများလည်း ဖြစ်ပွားလျက်ရှိကြောင်း အဆိုပါ အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ၌ ရေချိုလင်းပိုင်များ ရှားပါးလာ

လန်ဒန် ဩဂုတ် ၁၀

ယခုအခါ တရုတ်နိုင်ငံ၌ ရေချိုလင်းပိုင်များ (အပေါ်ပုံ) **မျိုးသုဉ်းပျောက်ကွယ်တော့မည့် လက္ခဏာရှိနေကြောင်း သိပ္ပံပညာရှင်များက ကောက်ချက်ချကြသည်။**

ရှာမတွေ့

နို့တိုက်သတ္တဝါ လင်းပိုင်များ၏ တည်နေရာကို ရက်သတ္တခြောက်ပတ်ကြာ စူးစမ်းလေ့လာစဉ်အတွင်း သုတေသီများသည် ယန်စီမြစ်အတွင်း မည်သည့်လင်းပိုင်မျှ ရှာမတွေ့ခဲ့ဟု ဆိုသည်။

နှစ်ပေါင်း ၅၀အတွင်း ရှားပါးသတ္တဝါကို လုံးဝရှာမတွေ့တော့မှ ထိုသတ္တဝါမျိုးမှာ မျိုးသုဉ်းပျောက်ကွယ်ပြီဟု သတ်မှတ်နိုင်သော်လည်း ၂၀၀၄ခုနှစ်က ယန်စီမြစ်အတွင်း လင်းပိုင်တစ်ကောင်ကို နောက်ဆုံး တွေ့ခဲ့ရသည်။

စည်းကမ်းမဲ့ငါးဖမ်း

ယခုကဲ့သို့ ယန်စီမြစ်အတွင်း လင်းပိုင်များရှားပါးရခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ စည်းမဲ့ကမ်းမဲ့ငါးဖမ်းခြင်းကြောင့် ဖြစ်သည်ဟုလည်း သုတေသီများက ထုတ်ဖော်ရေးသားကြသည်။ (အင်တာနက်)

အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာမှ ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း ဗြိတိန်စစ်ဘက်က ဩဂုတ် ၇ရက်တွင် သတင်းထုတ်ပြန်သည်။

ဖော်ပြ

ဘာဆာရာမြို့၌ ဩဂုတ် ၆ရက် ညပိုင်းက တိုက်ပွဲဖြစ်ပွားရာ ဗြိတိန်နိုင်ငံ ဘုရင့်တပ်မတော် တပ်မဟာ(၂)မှ တပ်ဖွဲ့ဝင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

အခြေစိုက်စခန်း

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၅၅၀အကွာ ဘာဆာရာမြို့ရှိ ဗြိတိသျှစစ်ဘက်အခြေစိုက်စခန်းထားရှိပြီး အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၅၅၀၀ခန့် ရောက်ရှိနေပြီဖြစ်သည်။

သေဆုံး

၂၀၀၃ခုနှစ် အီရတ်စစ်ပွဲစတင်ကတည်းက အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၁၆၅ဦး သေဆုံးပြီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ဒီဝါနီဝါမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကားတစ်စီးမီးလောင်ကျွမ်းနေသည်ကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေး တိုးတက်

ဒါကာ ဩဂုတ် ၁၀

တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေရန် အထူးသဖြင့် စစ်ဘက်ဆိုင်ရာများတွင် ပူးတွဲဆောင်ရွက်မှုများ ဖြစ်ထွန်းလာစေရန် ကြိုးစားလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် စစ်ဘက်အရာရှိကြီးတစ်ဦးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး ဆာဂါဂျာဟန်နီဇမ်က ဒါကာမြို့၌ ဩဂုတ် ၈ရက်တွင် ပြောကြားသည်။

အမြဲတမ်းမိတ်ဆွေ

တရုတ်နိုင်ငံမှ စစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ဗိုင်ရာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဩဂုတ် ၈ရက်က ဆိုက်ရောက်လာစဉ် ဒုတိယဗိုလ်ချုပ်ကြီး နီဇမ်က တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အမြဲတမ်းမိတ်ဆွေအဖြစ် ဘင်္ဂလားဒေ့ရှ်ပြည်သူများက မှတ်ယူထားကြောင်း ပြောကြားခဲ့သည်။

ဝမ်းမြောက်ဝမ်းသာ

ထို့အပြင် တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်စစ်ဘက်အတွက် အထောက်အပံ့အကူအညီများစွာပေးသော နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်(၂၃)ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီ (ဃဃ) အုပ်စု

ကာကွယ်ရေးဝန်ကြီးဌာနအသင်း သုံးဂိုး။
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း တစ်ဂိုး။

အဆိုပါဘောလုံးပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယှဉ်ပြိုင်မည်

ဩဂုတ် ၁၁ရက် **(ယနေ့)** ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် (ဃဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

ဗိုလ်လုပွဲသို့တက်ရောက်သွားသော ကယားပြည်နယ် အမျိုးသမီးအသင်းအား ပြိုင်ပွဲအပြီး၌ နည်းပြဆရာနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

အုပ်စုပွဲစဉ်များရေးဆွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ အုပ်စု(က)၌ မြန်မာ၊ မလေးရှား၊ လီဆိုသိုနှင့် ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(ခ)၌ စင်ကာပူ၊ အင်ဒိုနီးရှား၊ ယူဂန္ဓာနှင့် ဇင်ဘာဘွေတို့ ပါဝင်ကြသည်။

အနိုင်ရဗိုလ်စွဲခဲ့

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌ ၁၉၆၄ ခုနှစ်၊ ၁၉၆၇ ခုနှစ် (ကိုရီးယားနှင့်ပူးတွဲ)နှင့် ၁၉၇၁ ခုနှစ်များတွင်လည်း အနိုင်ရဗိုလ်စွဲခဲ့သည်။

အာဆီယံရဲတပ်ဖွဲ့ဝင်အသင်းများဘောလုံးပြိုင်ပွဲ မြန်မာနှင့်တရုတ်(ယူနန်)ယနေ့ယှဉ်ပြိုင်မည်

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အနှစ်(၄၀)ပြည့် အထိမ်းအမှတ်နှင့် ဗီယက်နမ်နိုင်ငံရဲတပ်ဖွဲ့ (၄၅)နှစ်မြောက်အထိမ်းအမှတ်အဖြစ် အာဆီယံရဲတပ်ဖွဲ့ဝင်ဘောလုံးအသင်းများ ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့နှင့် နန်ဒင်းမြို့တို့၌ ဇူလိုင်၃၁ရက်မှ ဩဂုတ်၁၅ရက်အထိ ကျင်းပလျက်ရှိသည်။

ယှဉ်ပြိုင်မည်

ဩဂုတ်၁၁ရက်**(ယနေ့)**ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ Hang Day Stadium ၌အုပ်စု(က)ပွဲစဉ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဘောလုံးအသင်းနှင့် တရုတ်(ယူနန်)ရဲတပ်ဖွဲ့ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းသည် သုံးပွဲကစားပြီးဖြစ်ရာ မလေးရှားရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး လာအိုရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင် ဗီယက်နမ်ရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။

အုပ်စု(က)တွင် အိမ်ရှင် ဗီယက်နမ်ရဲတပ်ဖွဲ့အသင်းက လေးပွဲနိုင် ၁၂မှတ်ဖြင့် အုပ်စု ပထမရရှိသွားသည်။ လာအိုရဲတပ်ဖွဲ့ အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ခြောက်မှတ်ရရှိထားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် မလေးရှားရဲတပ်ဖွဲ့အသင်းတို့က တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်စီ ရရှိထားကြသည်။

ဂိုးကွာခြားချက်

လာအိုရဲတပ်ဖွဲ့အသင်းက တရုတ် (ယူနန်)ရဲတပ်ဖွဲ့အသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အသားတင်သွင်းဂိုး ငါးဂိုးရရှိထားသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းက တရုတ် (ယူနန်)အသင်းကို ကိုးဂိုးပြတ် သွင်းပြီး အနိုင်ရရှိမှသာ လာအိုအသင်းထက် ဂိုးကွာခြားချက်အသာဖြင့် အုပ်စုဒုတိယ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲယှဉ်ပြိုင် မြန်မာဂျူဒိုအဖွဲ့ငွေနှင့်ကြေးတံဆိပ်ဆွတ်ခူး

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ် ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ၌ မြန်မာဂျူဒိုအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခုရရှိကြောင်း သိရသည်။

မြန်မာဂျူဒိုအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး ၅၇ကီလိုတန်းပြိုင်ပွဲတွင် ဇင်မီမီသန်းက ဆွတ်ခူးရယူပေးခဲ့ခြင်းဖြစ်သည်။ ကြေးတံဆိပ်ငါးခုကို အေးအေးသင်း၊ အေးအေးအောင်(၁)၊ အေးအေးအောင်(၂)၊ လေးကလျာအောင်နှင့် ခင်မျိုးသူတို့က တစ်ခုစီ ရယူပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂျူဒိုအားကစားသမားပေါင်း ၁၇၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာဂျူဒိုအားကစားအဖွဲ့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအေးကြည်က ခေါင်းဆောင်ပြီး အမျိုးသားအားကစားသမား ခြောက်ဦး၊ အမျိုးသမီးအားကစားသမား ခြောက်ဦး စုစုပေါင်း ၁၂ ဦးဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း လယ်ယာ/ဆည်မြောင်းနှင့်ခြေစမ်းမည်

ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၁ ရက် အထိ ကျင်းပမည့် အာဆီယံအသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် အဆင့်မြင့်တန်းမှ ဘောလုံးအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဩဂုတ် ၁၁ ရက်**(ယနေ့)** နံနက် ၇နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း အမှတ်(၂)၌ အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ လယ်ယာ/ဆည်မြောင်းအသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အနိုင်ရ

ဩဂုတ် ၈ ရက်က အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ ပို့ဆောင်ရေးအသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ပို့ဆောင်ရေးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တာဝန်ယူ

အသက် (၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းတွင် အားကစားသမား ၁၈ဦး ပါဝင်ပြီး နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်၊ **(ဂိုး)**နည်းပြအဖြစ် ဦးထွန်းတင့်အောင်တို့က တာဝန်ယူဆောင်ရွက်ကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းဖွဲ့စည်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

လာမည့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်ဘောလုံးအသင်းကို အားကစားသမား ၂၀ဖြင့် ရွေးချယ်ဖွဲ့စည်းထားပြီး စက်တင်ဘာလ ပထမပတ်မှစတင်၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တာဝန်ယူ

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်ဘောလုံးအသင်းတွင် တာဝန်ခံအဖြစ် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူ အဖြစ်ဒေါ်မိမိမော်၊ နည်းပြချုပ်အဖြစ် ဦးအေးမောင်လေး၊ လက်ထောက်နည်းပြအဖြစ် ဦးမောင်မောင်ဌေးတို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

သူတို့ပါဝင်

အားကစားသမားများအဖြစ် မိုးမိုးစိန်(ဂိုး)၊ ငြိမ်းစုဇော် (ဂိုး)၊ မြင့်မြင့်သန်း(ဂိုး)၊ မာလာဝင်း၊ ဌေးဌေးဦး၊ သီတာဦး(၁)၊ သီတာဦး(၂)၊ သန်းသန်းလှိုင်၊ မူမူလွင်၊ ကြည်ကြည်စန်း၊ မိုးမိုးထွေး၊ ခင်မျိုးဝင်း၊ အိအိဖြိုး၊ ငုဝါဝါစိုး၊ သီတာအေး၊ ဖူးပွင့်ခိုင်၊ လှလှသန်း၊ မိုးသီတာ၊ နန်းကြေးငုံ၊ စုမွန်တို့ ပါဝင်ကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်ဘောလုံးအသင်းကို မူလက အားကစားသမား ၂၅ဦးဖြင့် ဖွဲ့စည်းလေ့ကျင့်ခဲ့ရာမှ ဩဂုတ် ၃ ရက်က နှစ်သင်းခွဲ၍ ခြေစမ်းပြီး အားကစားသမား ငါးဦးကိုလျှော့ချကာ ပြန်လည် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

အမျိုးသား ရှမ်း(တောင်ပိုင်း)နှင့် မန္တလေးတိုင်း အမျိုးသမီး ဧရာဝတီတိုင်းနှင့်ကယားပြည်နယ် ပြည်နယ်/ တိုင်း ဘော်လီဘောဗိုလ်လုမည်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၀

(၁၃) ကြိမ်မြောက် အသက် (၁၈)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့နနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

အမျိုးသား ပထမအကြိုဗိုလ်လုပွဲတွင် မန္တလေးတိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို အကြိတ်အနယ်ကစားပြီး ၂၅မှတ်- ၂၁မှတ်၊ ၂၄မှတ်-၂၆မှတ်၊ ၂၅မှတ်-၂၀မှတ်၊ ၂၉မှတ်-၂၇မှတ် ရရှိကာ သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် ယမန်နှစ် ဒုတိယရရှိထားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက ရန်ကုန်တိုင်းအသင်းကို ၂၅မှတ် ၁၄မှတ်၊ ၂၅မှတ် ၁၆မှတ်၊ ၂၅မှတ် ၂၀မှတ် ရရှိကာ သုံးပွဲပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲတွင် ယမန်နှစ် ဒုတိယရ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနှင့် တတိယဆုရရှိထားသည့် မန္တလေးတိုင်းအသင်းတို့ ပထမဒိုင်းဆုရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အနိုင်ရရှိ

အမျိုးသမီးပထမအကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ဧရာဝတီတိုင်းအသင်းက နာမည်ကြီး ရန်ကုန်တိုင်းအသင်းကို ၂၆မှတ်-၂၄မှတ်၊ ၂၅မှတ်-၁၄မှတ်၊ ၂၅မှတ်-၈မှတ်ဖြင့် သုံးပွဲပြတ် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲတက်ရောက်

အမျိုးသမီး ဒုတိယအကြို ဗိုလ်လုပွဲတွင် ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို၂၂မှတ်-၂၅မှတ်၊ ၂၅မှတ်-၂၂မှတ်၊ ၂၅မှတ်-၁၈မှတ်၊ ၂၀မှတ်-၂၅မှတ်ဖြင့် လေးပွဲကစားရာ နှစ်ပွဲစီသရေဖြစ်နေပြီး နောက်ဆုံးအဆုံးအဖြတ်ပွဲ ယှဉ်ပြိုင်ကစားရာ ကယားပြည်နယ်အသင်းက ၁၅မှတ်-၁၀မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗိုလ်လုမည်

ယနေ့ ပြိုင်ပွဲမရှိဘဲ ဩဂုတ် ၁၂ရက်တွင် ဗိုလ်လုပွဲများအဖြစ် အမျိုးသားဗိုလ်လုပွဲတွင် ယမန်နှစ်ဒုတိယရရှိထားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် မန္တလေးတိုင်းအသင်း၊ အမျိုးသမီးဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဧရာဝတီတိုင်းအသင်းနှင့် ယမန်နှစ်ဒုတိယရရှိထားသည့် ကယားပြည်နယ်အသင်းတို့ မကျေပွဲဆင်နွှဲမည်ဖြစ်ကြောင်း ဘော်လီဘောပွဲကောင်းကြည့်လိုသူများ၊ ဘော်လီဘောဝါသနာရှင်များအား ကြိုတင်သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



အကြိတ်အနယ်ယှဉ်ပြိုင်

အမျိုးသားအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

၂၀၀၇–၂၀၀၈ ပရီမီယာလိဂ် ဘောလုံးပွဲစဉ် (၁) ရှိုင်ကိန်းနှင့် အဲရစ်ဆင် ပွဲဦးထွက် မျက်နှာပန်းလှနိုင်ပါ့မလား

သုံးသပ်တင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၁၀

၂၀၀၇–၂၀၀၈ ပရီမီယာလိဂ် ဘောလုံးရာသီရဲ့ ပွဲစဉ် (၁)ကို ဩဂုတ် ၁၁ရက်နဲ့ ၁၂ရက်တွေမှာ စတင်ကစားပါတော့မယ်။ ရာသီအစအဖွင့်ပွဲစဉ်တွေမှာ အသင်းကြီးတွေအနေနဲ့ မထင်မှတ်တဲ့ရလဒ်တွေဖြစ်ပေါ်တတ်တာမို့ ပွဲစကတည်းက ဖိဖိစီးစီးကစားရပါတော့မယ်။ ဩဂုတ်၁၁ရက်မှာစုစုပေါင်း ခုနစ်ပွဲကစားကြမှာ ဖြစ်တဲ့အတွက် ပရိသတ်တွေအကြိုက် ပွဲစဉ်တွေအဖြစ် ရွေးစားကြရမှာဖြစ်ပါတယ်။

ဘော်လ်တန်နှင့် နယူးကာဆယ်

ဒီနှစ်မှာ လူသစ်ကိုးယောက် အထိ ဖြည့်ဆည်းထားတဲ့ ဘော်လ်တန် အသင်းဟာ အိမ်ကွင်းမှာ နယူးကာဆယ်ကို အနိုင်ကစားပါလိမ့်မယ်။

နည်းပြ ရှိုင်ကိန်း

စပါးကို ပွဲဦးထွက် အနိုင်ယူဖို့ နည်းပြ ရှိုင်ကိန်း ဘယ်လိုနည်း ဗျူဟာ ထုတ်သုံးမှာလဲ။

(ဓာတ်ပုံ–အင်တာနက်)

ဘော်လ်တန်အသင်းဟာ အိမ်ကွင်း ခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်တဲ့အပြင် နယူးကာဆယ်နဲ့အိမ်ကွင်းမှာ ကစားတိုင်း အခုနောက်ပိုင်းမှာ တစ်ပွဲမှ မရှုံးသေးပါဘူး။

ဒါပေမယ့် နယူးကာဆယ် နည်းပြ ဆမ်အလာဒိုက်စ်ဟာ သူကိုင်တွယ်ခဲ့ဖူးတဲ့အသင်းဟောင်းနဲ့ ပြန်ပြီး ရင်ဆိုင်ရမှာမို့ ဘော်လ်တန်ရဲ့အကြောကို သိနေသူပါပဲ။ နယူးကာဆယ်ဟာ ဒီနှစ်မှာ ဘာတန်၊ကာကာပါ၊ဂျရယ်မီး၊ အလန်စမစ်နဲ့ ဗီဒူကာတို့ကို ခေါ်ယူထားတာမို့ ဘော်လ်တန်တို့ နယူးကာဆယ်ကို လျှော့တွက်ရင် မှားသွားပါလိမ့်မယ်။

ဘော်လ်တန်အသင်းမှာလည်း ဆင်မြူရယ်၊ ဟယ်ဂူဆင်၊ အလွန်ဆိုနဲ့ ဂျရတ်ဆစ်တို့အားဖြည့်ထားတာကြောင့် တောင့်တင်းနေတဲ့ အနေအထားကို ပိုင်ဆိုင်ထားပါတယ်။ ဒီနှစ်သင်း ခြေစွမ်း သိပ်မကွာပေမယ့် အိမ်ရှင် ဘော်လ်တန်တို့အသာစီးရနိုင်တဲ့ပွဲပါပဲ။

ဒါဘီနှင့် ပို့စ်မောက်

ဒါဘီဟာ ဒီနှစ်အတန်းတက်လာတဲ့ အသင်းသုံးသင်းထဲမှာတော့ အားအနည်းဆုံးအသင်းပါပဲ။ ဒါပေမယ့် အိမ်ကွင်းမှာ ကစားရတဲ့ပွဲလည်း ဖြစ်တဲ့အပြင် ပွဲဦးထွက်လည်းဖြစ်တာကြောင့် ပို့စ်မောက်ကို ဒါဘီတို့ ခံကစားပါလိမ့်မယ်။ ဒါဘီမှာ ပို့စ်မောက်အသင်းက ဒီနှစ်မှပြောင်းရွှေ့လာတဲ့ အင်ဒီဂရစ်ဖင်ရှိနေပြီး ဘလက်ဘန်းက အင်ဒီတော့ဒ်လည်း ခေါ်ယူထားတာမို့ ခြေစွမ်းက သိပ်မညံ့ပါဘူး။

ဒါပေမယ့် အဝေးကွင်း၊ အိမ်ကွင်း ခြေစွမ်းပြနိုင်တဲ့ ပို့စ်မောက်ဟာ ဒါဘီကို အဝေးကွင်းဖြစ်ပေမယ့် အနိုင်ယူနိုင်တဲ့ ခြေစွမ်းမျိုး ရှိနေပါတယ်။ ပို့စ်မောက်ဟာ ဒီနှစ်မှာ ဒေးဗစ်နျူးဂျန့်၊ အူဒီနိစ်အသင်းက ခေါ်ယူထားတဲ့ မွန်တာရီ၊ မန်စီးတီးက ပြောင်းရွှေ့လာတဲ့ ဒစ္စတင်တို့လည်းရှိနေတာမို့ ဒီပွဲမှာ ပို့စ်မောက်တို့ သုံးမှတ်အပြည့်ရသွားနိုင်ပါတယ်။

ဆန်းဒါးလန်းနှင့် စပါး

ဒီပွဲကတော့ အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဆန်းဒါးလန်းနဲ့စပါးတို့ သမိုင်းတစ်လျှောက် ၈၈ပွဲ ဆုံတွေ့ခဲ့ကြတဲ့အခါ ဆန်းဒါးလန်းတို့က ၃၂ပွဲ နိုင်ခဲ့သလို စပါးကလည်း ၃၂ပွဲနိုင်ခဲ့ပါတယ်။ သရေပွဲ ၂၄ပွဲ ဖြစ်ခဲ့တာမို့ ဒီပွဲဟာ ပြိုင်ဘက်ဟောင်းတွေ ပြန်ဆုံတဲ့ပွဲပါပဲ။

စိတ်ဝင်စားစရာ ကောင်းတာကတော့ မန်ယူအသင်းခေါင်းဆောင်ဟောင်း ရှိုင်ကိန်းရဲ့ ကိုင်တွယ်မှုနဲ့ စပါးကို ဘယ်လိုရင်ဆိုင်မလဲဆိုတာပါ။ ဆန်းဒါးလန်းမှာ မန်ယူက ပြောင်းလာတဲ့ ရစ်ချက်ဆင်၊ ကာဒစ်က ပြောင်းလာတဲ့ ချော်ပရာတို့အပြင် ဟဲဖို့ဒ်၊ ပေါလ်မက်ရှိန်းနဲ့ အန်ဒါဆင်တို့ ရှိနေတာကြောင့် စပါးကို ဆန်းဒါးလန်းတို့

တိုက်စစ်မှူး တောရက်စ်

တိုက်စစ်မှူး အသစ် တောရက်စ် ပွဲဦးထွက်မှာ လီဗာပူး အတွက် ဂိုး ဘယ် လောက် အထိ သွင်းယူပေးနိုင်မလဲ။

(ဓာတ်ပုံ–အင်တာနက်)

ခြေရည်တူ ကစားပါလိမ့်မယ်။ နည်းပြ ရှိုင်ကိန်းဟာ ပရီမီယာလိဂ်ရဲ့ ပွဲဦးအစကို ဘယ်လိုရလဒ်တွေယူပြီး စတင်ဖြတ်သန်းမယ်ဆိုတာ တွေ့မြင်ရပါတော့မယ်။ ရာသီအစ ပွဲစဉ်ဖြစ်လို့ စပါးကိုအနိုင်ရအောင် နည်းပြ ရှိုင်ကိန်း ကြိုးစားပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

အဲဗာတန်နှင့် ဝီဂန်

အိမ်ကွင်း ကစားအားကောင်းတဲ့ အဲဗာတန်ဟာ ဒီနှစ်မှာ မန်ယူကနေပြီး ပြောင်းလာတဲ့ တင်ဟောင်းဝပ်၊ ရက်ဖီးက ခေါ်ယူထားတဲ့ ဂျာဂီကာနဲ့ ဝီဂန်က ခေါ်ယူထားတဲ့ ဟိန့်ဇ်တို့နဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဘောလုံးရာသီ နှစ်ခုစလုံးမှာ အဲဗာတန်တို့အိမ်ကွင်းမှာ

နည်းပြ အဲရစ်ဆင်

ဝက်စ်ဟမ်းတို့ ပညာပေးခြင်း မခံရအောင် အဲရစ်ဆင် ဘယ်လိုအခင်းအကျင်းနဲ့ ထွက်လာမလဲ ဆိုတာ စိတ်ဝင်စားစရာပါ။

(ဓာတ်ပုံ–အင်တာနက်)

ဝီဂန်ကို အနိုင် မကစားနိုင်ခဲ့ပါဘူး။ သရေတစ်ပွဲ၊ အရှုံးတစ်ပွဲရလဒ်တွေပဲ ရရှိခဲ့တာဆိုတော့ ဝီဂန်ကို အနိုင်ရဖို့ဆိုတာ ခြေကုန်ထုတ်မှ ရပါလိမ့်မယ်။

ဝီဂန်ဟာ ဒီနှစ်မှာ မိုက်ကယ် ဘရောင်း၊ ဘရန်းဘဲလ်၊ ကူးမားစ်၊ ဂရန့်ဗစ် စတဲ့ ကစားသမားတွေကို ခေါ်ယူအားဖြည့်ခဲ့တာကြောင့် တောင့်တင်းနေပါတယ်။ ဝီဂန်ဟာ အသင်းစုစည်းမှု အားကောင်းခဲ့ရင်တော့ အဲဗာတန်ကို ခြေရည်တူကစားပါလိမ့်မယ်။ ဒီပွဲမှာ အကြိုက်က အဲဗာတန် ဖြစ်ပေမယ့် ဝီဂန်ခြေကလည်း မညံ့ဘူး ဖြစ်နေပါတယ်။

အက်စတွန်ဗီလာနှင့် လီဗာပူး

မနှစ်ကရလဒ်ကတော့ ဂိုးမရှိ သရေကျထားပါတယ်။ ထိပ်တိုက်တွေ့ဆုံမှု စုစုပေါင်း ၁၆၄ပွဲမှာ လီဗာပူးတို့က ၇၇ ပွဲ နိုင်ထားပြီး အက်စတွန်ဗီလာက ၅၁ ပွဲ နိုင်ထားပါတယ်။

ပြီးခဲ့တဲ့ နောက်ဆုံးလေးပွဲမှာတော့ လီဗာပူးတို့ တစ်ပွဲသာအနိုင်ရပြီး ကျန်သုံးပွဲ သရေကျထားတာမို့ လီဗာပူးတို့ ပွဲဦးထွက် သေသေချာချာ ပြင်ဆင်ကစားရပါလိမ့်မယ်။

ဒီပွဲမှာ လီဗာပူးက အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး တောရက်စ်ရဲ့ ဂိုးသွင်းစွမ်းရည် ဘယ်လောက်ကောင်းတယ်ဆိုတာလည်း တွေ့မြင်ရပါလိမ့်မယ်။ လီဗာပူးဟာ ဒီနှစ်မှာ အေဂျက်စ်က ခေါ်ယူထားတဲ့ ဘာဘယ်၊ ဝက်စ်ဟမ်းက ခေါ်ယူထားတဲ့ ဘီနာယောင်း၊ လေဗာကူဆင်က ခေါ်ယူထားတဲ့ ဗိုရိုနင်တို့ကြောင့် အရင်နှစ်ကထက် ထူးခြားတဲ့ခြေစွမ်းကို ပိုင်ဆိုင်ထားပါတယ်။

ပရီမီယာလိဂ်ဖလားကို မှန်းနေတဲ့ လီဗာပူးဟာ ပွဲဦးထွက်အဝေးကွင်းမှာ ဗီလာကို ဘယ်လိုရလဒ်ထွက်အောင် ကစားမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ အကြိုက်ကတော့ လီဗာပူးပါပဲ။

မစ်ဒယ်ဘရော့နှင့် ဘလက်ဘန်း

မစ်ဒယ်ဘရော့တို့ အိမ်ကွင်းမှာ ဘလက်ဘန်းကို အနိုင်ရဖို့တော့ သိပ်မလွယ်ပါဘူး။ ဘလက်ဘန်းကအဝေးကွင်း ခြေမာတာမို့ မစ်ဒယ်ဘရော့တို့ အားစိုက်ကြိုးစားမှ အနိုင်ရမယ့်ပွဲပါပဲ။ မစ်ဒရယ်ဘရော့မှာ ဗီဒူကာနဲ့ ပါနာဘီတို့ ထွက်သွားပေမယ့် အလီဒါယေး၊ ဆန်လီ၊ ဂျိုနသန်ဝုဒ်ဂိတ်၊ လုစ်ယန်းတို့ကို ခေါ်ယူအားဖြည့်ထားတာမို့ ကစားအား ကျမသွားပါဘူး။

ဘလက်ဘန်းကတော့ ဆန်တာခရုဇ်၊ ရီတာ့စ်နဲ့ နေးလ်ဆင်တို့ကို အသစ်ခေါ်ယူထားတာကလွဲလို့ မနှစ်ကအတိုင်း ပွဲထွက်လာမှာပါပဲ။ နှစ်သင်းစလုံးခြေညီနေတာမို့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

ဝက်စ်ဟမ်းနှင့် မန်စီးတီး

အားပြိုင်မှု ဘက်ညီတဲ့အသင်းတွေ ဆုံတွေ့တဲ့ပွဲပါပဲ။ နည်းပြသစ် အဲရစ်ဆင်ရဲ့မန်စီးတီးဟာ ပရီမီယာလိဂ် ပွဲစဉ် (၁)မှာ ဘယ်လိုရလဒ်ထွက်လာမယ်ဆိုတာ ပရိသတ်တွေ စိတ်ဝင်စားနေပါတယ်။ ဝက်စ်ဟမ်းနဲ့ မန်စီးတီးတို့ဟာ သမိုင်းတစ်လျှောက် ပြိုင်ဆိုင်ခဲ့ကြတာကို ကြည့်ရင် ဘယ်အသင်းမှ အသာစီးမရခဲ့ကြပါဘူး။

ဒါပေမယ့် ဝက်စ်ဟမ်းဟာ ဒီနှစ်မှာ ယွန်းဘတ်၊ ဘယ်လာမီ၊ ပါကားနဲ့ ဖောဘတ်တို့ ခေါ်ယူနိုင်ခဲ့တာကြောင့် ဝါရင့်သမ္ဘာရင့်တွေရှိနေတဲ့ ဝက်စ်ဟမ်းကို အဲရစ်ဆင်ရဲ့ မန်စီးတီး ရင်ဆိုင်ဖို့ခက်ခဲပါလိမ့်မယ်။ ပရီမီယာလိဂ်ရဲ့ နည်းပြသစ်တစ်ဦးဖြစ်တဲ့ အဲရစ်ဆင်ကို ဝက်စ်ဟမ်းတို့က အိမ်ကွင်းမှာ ပညာပေးပါလိမ့်မယ်။ အကြိုက်က မန်စီးတီးဆိုပေမယ့် အနိုင်က ဝက်စ်ဟမ်း ဖြစ်သွားနိုင်ပါတယ်။ ။

(ကိုးကား–အင်တာနက်)

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အင်္ဂလန်၌ မကျင်းပသင့်ဟု ဖီဖာကဆို

စုစည်းတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၁၀

၂၀၁၈ကမ္ဘာ့ဖလားကို အင်္ဂလန်နိုင်ငံ၌ ကျင်းပခွင့်မပြုရန် တိုက်ပွဲတစ်ရပ်ဆင်နွှဲသွားမည်ဖြစ်ကြောင်း ဖီဖာဒုတိယဥက္ကဋ္ဌ ဂျက်ဝါနာကပြောကြားလိုက်သည်။

မိမိယုံကြည်

အဆိုပါကမ္ဘာ့ဖလားသည် ၎င်းနှစ်တွင် ဥရောပ၌ကျင်းပသင့်သည်ဟု မိမိယုံကြည်ကြောင်း၊ သို့ရာတွင် အင်္ဂလန်၌ မဖြစ်သင့်ကြောင်း ၎င်းကပြောကြားသည်။

အကယ်၍ ဥရောပ၌ အဆိုပါနှစ်တွင် ကျင်းပသွားမည်ဆိုလျှင် အီတလီ၊ စပိန် သို့မဟုတ် ပြင်သစ်နိုင်ငံများသာ ဖြစ်သင့်ကြောင်း ၁၉၈၃ ခုနှစ်က ဖီဖာ အဖွဲ့ဝင်ဖြစ်လာခဲ့သော ဝါနာက ဆိုသည်။

မှတ်ချက်ပြု

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကလည်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အလှည့်ကျကျင်းပသည့် မူဝါဒကိုလည်း အဆုံးသတ်သင့်ပြီဖြစ်ကြောင်း မှတ်ချက်ပြုထားသည်။

၂၀၁၈ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အမေရိကမြောက်ပိုင်းနှင့် အလယ်ပိုင်း၊ ကာရစ်ဘီယံဒေသများကို လွှမ်းခြုံထားသည့် ကွန်ကာကက့်ဖ်ဒေသ၌ကျင်းပရန် ဖီဖာဒုတိယဥက္ကဋ္ဌဝါနာက လိုလားနေသည်။ ၎င်းသည် လက်ရှိ ကွန်ကာကက့်ဖ်ဥက္ကဋ္ဌလည်း ဖြစ်သည်။ **(အင်တာနက်)**

ဖီဖာဒုတိယဥက္ကဋ္ဌ ဂျက်ဝါနာ။

(ဓာတ်ပုံ–အင်တာနက်)

လီဗာပူး အရန်ဂိုးသမားကာဆင် အက်စ်တွန်ဗီလာသို့ အငှားသွားရောက်ကစားမည်

လန်ဒန် ဩဂုတ် ၁၀

လီဗာပူးအသင်းက ပြင်သစ် လန်းစ်အသင်းမှ ဂိုးသမား ချာလီအီတန်ဂျီအား စာချုပ်ချုပ်ခဲ့ပြီးနောက် လီဗာပူးဂိုးသမား စကော့ကာဆင်သည် အက်စ်တွန်ဗီလာအသင်းသို့ အငှားသွားရောက်ကစားမည်ဖြစ်သည်။

အသက် ၂၁နှစ်ရှိ ကာဆင်သည် ပြီးခဲ့သည့်ရာသီက ချာလ်တန်အသင်းသို့ အငှားသွားရောက်ကစားခဲ့သည်။

အသက် ၂၄နှစ်ရှိ အီတန်ဂျီအား လီဗာပူးအသင်းနှင့် တူးလောက်အသင်းတို့ ဩဂုတ် ၁၅ရက်တွင် ချန်ပီယံလိဂ်ခြေစစ်ပွဲမကစားမီ စာချုပ်လိုက်ခြင်းဖြစ်သည်။

ကာဆင်သည် လီဗာပူးအသင်း၌ ရေနာပြီးလျှင် ဒုတိယဂိုးသမားအဖြစ် ရွေးချယ်ထားသူဖြစ်သည်။ ၎င်းအား လီဗာပူးက အခြားအသင်းတစ်သင်းသို့ အမြဲတမ်းသွားရောက်ကစားရန် ခွင့်မပြုပေ။

ကာဆင်သည် ၂၀၀၅ခုနှစ် ဇန်နဝါရီလက လိဒ်အသင်းမှလီဗာပူးအသင်းသို့ ပေါင်၇၅၀၀၀၀ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် ယူ၂၁ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်ကစားခဲ့သူဖြစ်သည်။ (အင်တာနက်)

လီဗာပူး အရန်ဂိုးသမား ကာဆင်(ဝဲ) နှင့် အသစ်စာချုပ်လိုက်သော အီတန်ဂျီ။

(ဓာတ်ပုံ–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် အဖွင့်ပွဲစဉ်အဖြစ် ဘာမင်ဂမ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အဓိကကစားသမားများဖြစ်သည့် ဒရော့ဘာ၊ ရော့ဘင်၊ ကာလူး၊ ဂျွန်ဆင်၊ ရှက်ဗ်ချင်ကို၊ မက်ခ်လီလီတို့ ဒဏ်ရာရထားကြ၍ ပြိုင်ပွဲနှင့် လွဲဖွယ်ရှိသည်။

* **အိုလံပစ် ၂၀၀၈ အားကစားပြိုင်ပွဲများကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လာမည့်နှစ် ဩဂုတ် ၈ရက်တွင် ကျင်းပမည်ဖြစ်ရာ မကျင်းပမီ တစ်နှစ်အလိုတွင် ပေကျင်းမြို့သူမြို့သား တစ်သန်းခန့်က ယင်းမြို့ရှိ ပန်းခြံများ၌ ပြိုင်ပွဲအမျိုးပေါင်း ၆၀ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။**

Japanese Language Proficiency Test 2007 (Mandalay)

မန္တလေးမြို့တွင် လက်ခံပါမည်။
လျှောက်လွှာလက်ခံမည့်ရက်-
ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ
ပုံစံလက်ခံချိန် နံနက်(၈း၀၀)နာရီမှ ညနေ(၆း၀၀)နာရီအထိ

HITO Center

၁၂လမ်းနှင့် ၈၀လမ်းထောင့်
မန္တလေးမြို့။ ဖုန်း ၀၂-၇၁၃၆၂
ပုံစံများကို ဩဂုတ် ၂၀ ရက်မှစ၍
အထက်ပါလိပ်စာတွင် ကြိုတင်ဝယ်ယူနိုင်ပါသည်။
(လူဦးရေ ကန့်သတ်ထားပါသည်။)

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA) နှင့် ယဉ်ကျေးမှုနှင့်ပြန်ကြားရေးဌာန၊ ဂျပန်သံရုံး။

မိဘအမည်မှန်

မုံရွာမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်မင်းသန့်၏ မိဘအမည်မှန်မှာ ဦးသီဟန်- ဒေါ်နီနီသက် ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ခန့်၏နိုင်ငံကူးလက်မှတ် အမှတ်- ၃၃၂၉၆၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၇၀၀၉၆၅။

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၄၇ နေ ဦးခင်ရွှေ ၁၂/တမန(နိုင်)၀၉၉၁၆၉၊ ဒေါ်မြင့်မြင့်ဌေး ၁၂/တမန(နိုင်) ၀၉၆၈၂၄တို့၏သား မောင်ခင်မောင်မြင့် ၁၂/တမန(နိုင်)၁၁၀၂၃၄သည် မိဘ၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိမိသဘောဖြင့်ပြုလုပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကိုလည်း မိဘများက တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်ရွှေ၊ ဒေါ်မြင့်မြင့်ဌေး။

Yes!! English School

GRADE Special English Class

Grade - 1 (Beginner)
Grade - 2 (High Beginner)
Grade - 3 (Pre-Inter)
20.8.2007 ဖမည်

Class Size 16 Students
Duration 10 Weeks
Tuition 25000 Ks

အမှတ် ၂၃၊ တာ-ထပ်၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။ ဖုန်း-၅၁၂၂၇၃၄

ပြည်ပကုန်သွယ်မှုကို ဂယနထဘသိလိုသူများအတွက်…
ပြည်ပပို့ကုန်နှင့်သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း
Guide to Exporting and Importing Course
ဩဂုတ်တန်းခွဲများ… ၁၈/၂၅ ရက်များတွင်ဖမည်
အလင်းသစ်စာပေ
အခန်း (၄၀၄)၊ တိုက် (၆)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။ နံ့စမ်းရန် - ဖုန်း-၂၀၂၅၂၂၊ လိုင်းခွဲ-၂၅၄၊ ၀၉-၅၁၁-၀၀၀၄

မြေညီထပ်တိုက်ခန်းရောင်းမည်

စမ်းချောင်း ဗဟိုလမ်းမကြီး ၂၅ပေ x ပေ ၅၀၊ ဖုန်းပါ၊ ဗဟန်းလမ်းမတန်း ၁၅ပေ x ပေ ၅၀ တိုက်သစ် ရေ၊ မီးစုံ

ဖုန်း-၅၅၈၃၇၅၊ ၅၄၅၃၉၅၊ ၅၄၅၃၉၆၊ ၀၉၉၉-၂၄၃၆၃။

Here, Your future is answered! Computer နှင့် language သင်တန်းများကို အခြေခံမှ ကျွမ်းကျင်သည်ထိ တတ်မြောက်လိုသူများအတွက်
Glory Hope Education Centre
Computer အခြေခံမှ အဆင့်မြင့်ထိသင်တန်းများ
English Speaking
Chinese Speaking
သင်တန်းများ
(ချမ်းသာပလာဇာ) အထက်ပုဇွန်တောင်လမ်း၊ (ပုဇွန်တောင်ဈေးနှင့် စာတိုက်မှတ်တိုင်ကြား) PH: 200086, 203436, Ext-2206, 2207, 2214

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

အခြေခံစည်းရုံးရေးသင်တန်း ရန်ကုန်အရှေ့ပိုင်းခရိုင်၌ဖွင့်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင်သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ် (၄၆-၄၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၈နာရီက မြို့နယ်အသင်းရုံးသင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ချီးမြှင့်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်ထံ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေက အသင်းဝင် အဆိုပြုလွှာ ၉၈၁ စောင်ကို ပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်ထံ အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ စည်တော်အေး ဆေးတိုက်ပိုင်ရှင် တိုင်းရင်းဆေး ဆရာကြီး ဦးလှမိုးလွင်၊ ဇနီး ဆရာမကြီး ဒေါ်စန်းစန်းအောင်က အလှူငွေကျပ် တစ်သိန်း၊ ဦးစိုးမြင့် စက်မှုနှင့် ကုန်သည်ကြီးများအသင်းက ငွေကျပ်တစ်သိန်း၊ ဦးမြင့်ခိုင် ဆောက်လုပ်ရေး လုပ်ငန်းရှင်က ငွေကျပ် တစ်သိန်း၊ ဒေါ်ယဉ်ယဉ်လှ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူးက အလှူငွေကျပ် ငါးသောင်းနှင့် ဦးစိုးနိုင် (ခ)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်က အလှူငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ဝ၅၂)**

ကမာရွတ် အင်းလျားလမ်း အမှတ် ၇၀ နေ ဒေါက်တာညွန့်ဝေ-ဒေါ်ခင်လေးမူ သား ကိုသန့်စင်ဦး သမီး မချို့နှင်းလွင်၊ မနေနွယ်ဦး မိသားစုတို့က ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း၏ အာယုဒါန၊ အလင်းဒါနများအတွက် ငွေကျပ်ငါးသိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် (သီတဂူ ကြာတစ်ပွင့်)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

အတည်တကျမရှိ ရွှေ့လျားပြောင်းရွှေ့နေထိုင်သူများအား ပညာပေးသင်တန်းများပြုလုပ်ရန် ကြိုတင်အသိပေးရှင်းလင်း

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) နှင့် ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ ပူးပေါင်းဆောင်ရွက်မည့် အတည်တကျမရှိ ရွှေ့လျားရွှေ့ပြောင်းနေထိုင်သူများ (Mobile Community)အား မူးယစ်ဆေးဝါးတရားမဝင် သုံးစွဲမှုပပျောက်ရေး (HIV) ပြန့်ပွားမှုကာကွယ်ရေးနှင့် မျိုးဆက်ပွားကျန်းမာရေးအသိပညာပေးမှုများ စီမံချက်ဆောင်ရွက်ရန်အတွက် အကြိုညှိနှိုင်း ရှင်းလင်းအသိပေးရန် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း) နှင့် စီမံကိန်းညှိနှိုင်းရေးမှူးနှင့် နိုင်ငံတကာရေးရာ ဒေါ်တင်တင်၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ခင်မမအေး၊ စီမံကိန်းမန်နေဂျာ ဒေါက်တာနေဝင်းနှင့် ရုံးအဖွဲ့ဝင်များသည် ဩဂုတ် ၁ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ ရောက်ရှိကြပြီး ဩဂုတ် ၂ ရက်တွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်သန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဆေးရုံအုပ်ကြီးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံ၍ စီမံချက်ဆောင်ရွက်မည့် အစီအစဉ်များကို အသိပေးရှင်းလင်းတင်ပြကြသည်။

ယင်းစီမံချက်ကို မကြာမီ တာချီလိတ်မြို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဩဂုတ် ၁၀

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၅၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်သို့ ကျော်လွန် ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေ

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ညောင်ဦးမြို့တွင် ၂၁၉၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၁၂၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဟော့ပိတ်သတင်း

တောင်အာရှ ရေလွှမ်းမှု ၅၇၅ဦး သေဆုံးခဲ့ရ

နယူးဒေလီ ဩဂုတ် ၁၀

တောင်အာရှဒေသတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ လူထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ အိုးအိမ် ရာပေါင်းများစွာ ပျက်စီးပြီး လူ ၅၇၅ ထက်မနည်း သေဆုံးခဲ့ရပြီဖြစ်ကြောင်း ဩဂုတ် ၁၀ ရက်က ထုတ်ပြန်သော အင်တာနက်သတင်း၌ ဖော်ပြသည်။

ထိုသို့ လူသေဆုံးမှုများ ဖြစ်ပေါ်ရာတွင် နီပေါနိုင်ငံ တစ်နိုင်ငံတည်း၌ပင် လူ ၁၀၀ ခန့် သေဆုံးခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ တစ်နိုင်ငံတည်းတွင် မုတ်သုံရာသီအစ ဇွန်လမှစ၍ ယနေ့အထိ မြစ်ရေကြီးမှုကြောင့် လူပေါင်း ၁၅၅၀ ကျော် သေဆုံးခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ဟားခါး၌ ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၀

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ကျော်ဘုတ်ရပ်ကွက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဘောဘီအုန်းမောင်နှင့် အဖွဲ့ဝင်များ၊ ကျော်ဘုတ်ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အကျယ်တဝင့်ဟောပြော

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီက မိခင်နို့တိုက်ခြင်း၏ အာဟာရဓာတ်ပြည့်ဝမှုဆိုင်ရာများကိုအကျယ်တဝင့်ဟောပြောသည်။

အိုင်အိုဒင်းဆားဖြန့်ဝေ

အလားတူ အိုင်အိုဒင်းဆား အကြောင်းအသိပညာပေးဟောပြောပွဲနှင့် အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီတို့က အိုင်အိုဒင်းဆားအကြောင်း သိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာကြသူများအား အိုင်အိုဒင်းဆား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ် (၁၄)၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဩဂုတ် ၆ ရက်က ကျင်းပရာ စတုတ္ထတန်း (ခ)မှ မြို့နယ်အဆင့် အင်္ဂလိပ်စာ တတိယဆုရ မောင်ညီညီအောင်အား လက်ထောက် မြို့နယ်ပညာရေးမှူး ဦးသီလှက ဆုချီးမြှင့်စဉ်။ (က-ပ)

ချောင်းဦး ခင်မွန်-ကျီကုန်းကျေးရွာချင်းဆက် လမ်းသစ်ဖွင့်

ချောင်းဦး ဇူလိုင် ၂၇

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ခင်မွန်-ကျီကုန်းကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၁၅ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ခင်မွန်-ကျီကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်မောင်၊ ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ကျီကုန်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဦးတင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောက်ချောလမ်းသစ်မုခ်ဦးဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်ဖွင့်လှစ်၍ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှော သိကောင်းစရာဟောပြော စာသင်ခုံ၊ စာရေးကိရိယာနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်း

မြိတ် ဇူလိုင် ၂၆

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲက မြိတ်မြို့အင်္ဂမော်စံပြကျေးရွာ အင်္ဂမော်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးကြရာ စကားဝိုင်းဆွေးနွေးပွဲတွင် အင်္ဂမော်စံပြကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ၂၀၀နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ၂၀၀ကို ပေးအပ်ကြသည်။

ထို့နောက် ငှက်ဖျားရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာနီနီအေးက သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးအကြောင်း ဟောပြောပြီး ဆေးစိမ်ခြင်ထောင်ဆေးပြားဖြင့် လက်တွေ့ဆေးစိမ်ပြသသည်။ ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးရွာအိမ်ထောင်စု ၂၈၀အတွက် ဆေးစိမ်ခြင်ထောင်ဆေးပြား၂၈၀ ပေးအပ်သည်။

ဆွေးနွေး

ဆက်လက်၍ အထက(၅)အင်္ဂမော်၌ မွန်းလွဲ ၁နာရီတွင် အသိပညာပေးဟောပြောပွဲကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နန်းမြဟန်က ယဉ်ကျေးလိမ္မာမျိုးမြန်မာ အကြောင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ယဉ်ယဉ်စိန်က တစ်ကိုယ်ရေ သန့်ရှင်းရေးမှသည် ပတ်ဝန်းကျင် သန့်ရှင်းရေးအကြောင်းကို လည်းကောင်း၊ ငှက်ဖျားရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာနီနီအေးက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်း သိကောင်းစရာများ အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

လှူဒါန်း

ယင်းနောက် အထက(၅) အင်္ဂမော်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီက အမျိုးသမီးရေးရာ သက်ငယ် အဖွဲ့ဝင် အဆိုပြုလွှာ ၂၂၀ ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက လက်ခံယူပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး မိသားစုက လှူဒါန်းသော တန်ဖိုးငွေကျပ် ၂၆၂၅၀၀ရှိ စာသင်ခုံ၁၀ခုံနှင့် စာရေးကိရိယာ ၇၅စုံကို လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့် ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က လှူဒါန်းသော တန်ဖိုးငွေကျပ် ၈၇၀၀၀ရှိ ဗလာစာအုပ် ၇၂ဒါဇင်ကို လည်းကောင်း ပေးအပ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ချင်းပြည်နယ် သာသနာပြုကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်ဖြစ်တော်မူသည့် ချင်းတောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တ တေဇောသာရ(ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ)သည် နယ်စပ်နှင့်တောင်တန်းဒေသမှ ဓမ္မာစရိယတန်းရောက် တိုင်းရင်းသား ရဟန်းသာမဏေများ သီတင်းသုံးပညာသင်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်း တာမွေဈေးရှေ့ အမှတ်၃၁၄တွင် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ကြီးကို ဆောက်လုပ်လျက် ရှိသည်။

ကျောင်းတော်ကြီးပြီးစီးနိုင်ရန် ဖခင်ကြီးဦးခင်မောင်အား ရည်စူး၍ အမှတ် ၄၅ ဝေဇယန္တာလမ်း တော်ဝင်ရိပ်သာ တောင်ဥက္ကလာပနေ မိခင်ကြီးဒေါ်ညွန့်နွယ်နှင့် သားသမီး၊မြေးတစ်စုတို့က သာသနာပြုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၀၀၊ တာမွေကျိုက္ကဆံလမ်း အမှတ် ၃၃၇ ကြီးအောင်ချမ်းသာ ပရိဘောဂတိုက်နေ ဖခင်ကြီးဦးမောင်ဉာဏ်၊ မိခင်ကြီးဒေါ်ခင်စန်းရီနှင့် မောင်လေးသော်ဇင်ဉာဏ်တို့အား ရည်စူး၍ မမာလာဉာဏ်၊ မညိုညိုတင်၊ ကိုသော်တာဉာဏ်၊ မောင်ဝင်းထွန်းဉာဏ်-မနန္ဒာမျိုး မောင်နှမတစ်စုတို့က အပေါ်ဆုံးထပ်တွင်တည်ထားမည့် ရွှေတိဂုံပုံတူစေတီတော်အတွက် အလှူငွေကျပ် ၂၅သိန်း၊ နှစ်ဖက်သောမိဘများဖြစ်ကြသည့် ဦးဘဝင်း-ဒေါ်ကြည်ဟန်၊ ဦးစိုးမြိုင်-ဒေါ်အေးတင်၊ ခင်ပွန်း ဦးမောင်မောင်လှတို့အားရည်စူး၍ အမှတ်၉၊ E1နဝရတ်လမ်း ရှစ်မိုင် မရမ်းကုန်းနေ ဒေါ်ခင်မေနှင့်သားသမီး၊မြေးတစ်စုတို့က သိမ်ဘုရားခန်း၊ ဘုရားပလ္လင်တော်အတွက် ငွေကျပ်သိန်း၂၀နှင့် စတီးလ်ရေကန်တစ်ကန်အတွက် ငွေကျပ်ငါးသိန်း၊ အမှတ်၁၁၅၃(က)စိန်ချယ်လမ်း ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဦးသန်းဦး-ဒေါ်ခင်စန်းအေး မိသားစုက ငွေကျပ်တစ်သိန်း၊ အမှတ်၃၁၂၄ သဃ်န်းကျွန်း ကြီးပွားရေး မြောက်ပိုင်းနေ ကိုသောင်းနိုင်-ဒေါ်မို့မို့ မိသားစုက ငွေကျပ်တစ်သိန်းတို့ကို သာသနာပြုဆရာတော်ထံ လှူဒါန်းခဲ့ကြသည်။

လှူဒါန်းနိုင်

လှူဒါန်းသာသနာပြုလိုကြသော စေတနာရှင်များသည် သာသနာပြုဆရာတော် ဖုန်း-၀၉-၅၀၁၁၄၂၀၊၀၁-၅၄၅၁၅၃(ရန်ကုန်)နှင့် ၀၇၀-၂၁၁၃၂ (ဟားခါး) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မုံရွာခရိုင် ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အတွင်းအပြင် သန့်ရှင်းသာယာ လှပစေရေးအတွက် ဇူလိုင် ၅ရက်က ဈေးခေါင်း (၄) ဦးကျော့မောင်မောင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းဇော်က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဇီးကုန်းမြို့ ဆွမ်းလောင်းဓမ္မာရုံ တည်ဆောက်ရေးနှင့် ပြည်သူ့ဆေးရုံအတွက် ချွဲစုပ်စက်လှူဒါန်းပွဲ ကျင်းပ

ဇီးကုန်း ဇူလိုင် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်လုံးကျွတ် ဆွမ်းလောင်းဓမ္မာရုံ တည်ဆောက်ရေးနှင့် မြို့နယ်ပြည်သူ့ဆေးရုံအတွက် လိုအပ်သော ချွဲစုပ်စက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်စိုးက အမှာစကားပြောကြားပြီး အလှူရှင်ဦးဇော်ဝမ်း-ဒေါ်ဆွေဆွေသင်း၊ သားမောင်ဝဏ္ဏထွန်း၊ သမီးမမေသူသူဇော်**(ဝဲပုံ)** တို့က အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်ဆွမ်းလောင်းဓမ္မာရုံ တည်ဆောက်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌက လက်ခံယူပြီး ဆေးရုံအတွက်လှူဒါန်းသော ချွဲစုပ်စက်ကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါ်သန်းသန်းဌေးက လက်ခံယူသည်။

လှူဒါန်းနိုင်

အဆိုပါ လှူဒါန်းမှုတွင် မြို့နယ်လုံးကျွတ် ဆွမ်းလောင်းဓမ္မာရုံအတွက် အလှူငွေကျပ် လေးသိန်းနှင့် ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ ချွဲစုပ်စက်တစ်လုံးတို့ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

လက်ခံရယူ

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်းရှိ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် ဇူလိုင် ၁၇ရက်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ဦးဇိနဘုရားလမ်း အမှတ် ၃၂နေ မိခင်ဒေါ်အေးသန့်၊ သား ဦးသိန်းဝင်း-ဒေါ်မော်မော်ဝင်း မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်း ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးနှင့် ဦးခင်အောင်တို့က လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၆၈)

သီပေါမြို့၌ ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

သီပေါ ဇူလိုင် ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပညာသင်ဆု ချီးမြှင့်ရေးကော်မတီက ၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းသားကျောင်းသူများအား ပညာသင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းမြင့်ဌေးက ပညာသင်ဆု ချီးမြှင့်ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းဆင့် ခြောက်ဦးနှင့် အလယ်တန်း ဆင့် ၁၆ဦးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်(အောက်ပုံ)***၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမြင့်ဌေး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌဒေါ်ကြင်မီနှင့် တာဝန်ရှိသူများက တစ်ဦးချင်းထောက်ပံ့ကြေးငွေနှင့် စာအုပ်များကိုပေးအပ်ချီးမြှင့်ကြသည်။*** (၁၀၆)

ဦးစစ်ယုံအား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ရွှေပြည်စိုး ဆီစက်နေ ဒေါ်ခင်စိန်မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၀ ကို ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲ ရွှေဘို၌ကျင်းပ

ရွှေဘို ဩဂုတ် ၄

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ကျင်းပသော (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တမာရိန္ဒဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး**(ယာပုံ)** ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလထံမှ ရေစက်ချအနုမောဒနာတရား နာယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းများရှင်းလင်း

မန္တလေး ဩဂုတ် ၃

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ (၇/၂၀၀၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် မန္တလေးတိုင်း ကျောင်းကျန်းမာရေးကော်မတီ (၂/၂၀၀၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ရက် ညနေ ၃နာရီက မန္တလေးတိုင်း ကျန်းမာရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ ပါမောက္ခချုပ်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း **(ယာပုံ)**နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆုံးဖြတ်ချက်

ထို့နောက် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက (၆/၂၀၀၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အထွေထွေ ဆွေးနွေးမှုများ ကျင်းပကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ပခုက္ကူမြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က အမှတ် ၁၀ ရပ်ကွက်နှင့် ၁၃ ရပ်ကွက် ကမ်းနားလမ်းရှိ အမှိုက်ပုံများကို စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများဖြင့် စုပေါင်းသိမ်းဆည်းကြစဉ်။ (မြို့နယ်စည်ပင်)

ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရေး ပညာပေး အိုင်အိုဒင်းဆား ရာနှုန်းပြည့်ပါဝင်မှု စစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ မြို့မဈေးကြီး သုံးဈေးအတွင်း ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်၊ သားငါးနှင့် အိုင်အိုဒင်းဆား ရာခိုင်နှုန်းပြည့်ပါဝင်မှု ရှိ၊မရှိကို စစ်ဆေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်က ဦးစီးအရာရှိ ဦးခင်အောင်နီ၊ ကျန်းမာရေးမှူး(၂) ဦးနေလင်းကျော်၊ ဒုတိယဦးစီးမှူး (ဈေး)နှင့် ဝန်ထမ်းများသည် မြို့မဈေးကြီးသုံးဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချသောဆိုင်များ၊ အိုင်အိုဒင်း ရာခိုင်နှုန်းပြည့်ပါဝင်မှု ရှိ၊ မရှိ တိုင်းတာကိရိယာဖြင့် စစ်ဆေးပြီး အမှတ်(၂) ဈေးနှင့် ကမ်းနားလမ်းဈေးအတွင်း လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ရောင်းချစေရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် ကမ်းနားလမ်းဈေး သားငါးတန်းများတွင် သားငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချစေရေး ကွင်းဆင်း စစ်ဆေး ပညာပေးဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရှုဖယ်ခူ ၃လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၁၂ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် အင်ဂျင်နီယာမှူး ဦးမင်းမောင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဒေးဖဲနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစောနေခလီးတို့က ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

တွန်းဇံ မြို့အဝင်ဆိုင်းဘုတ် ပြုပြင်ဆောင်ရွက်

တွန်းဇံ ဇူလိုင် ၁၆

ချင်းပြည်နယ် တွန်းဇံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်ဆိုင်းဘုတ်များ ပြုပြင်ဆောင်ရွက်ထားရှိမှုကို ဇူလိုင်၄ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်မောင်ဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချန်ဟမ်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင်တို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိတ္ထီလာမြို့၌ ရွှံ့နွံများရှင်းလင်း

မိတ္ထီလာ ဇူလိုင် ၁၆

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်သွား လမ်းမဘေးရှိ မြို့တွင်း စည်သူရေဆိုးမြောင်းအတွင်းမှ ရေဆိုးများ လွယ်ကူစွာ စီးဆင်းနိုင်ရေးအတွက် အမှိုက်သရိုက်များ၊ ရွှံ့နွံများကို ဇူလိုင် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းရာသို့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သော လက်ပန်ကျေးရွာသို့ ဂန့်ဂေါမြို့နယ်တွင် ရုပ်မြင်သံကြားပြစက် ထပ်ဆင့်ချီးမြှင့်

ဂန့်ဂေါ ဩဂုတ် ၃

မကွေးတိုင်း တိုင်းလုံးကျွတ်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းအထိမ်းအမှတ်အဖြစ် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရုပ်မြင်သံကြားပြစက်ကို ဂန့်ဂေါခရိုင် ကျေးရွာစာကြည့်တိုက်သို့ ထပ်ဆင့်ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇူလိုင် ၃၁ရက်က ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးအင်းကြူက ဂန့်ဂေါမြို့နယ်အတွင်း စာကြည့်တိုက် အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်နိုင်သည့် လက်ပန်ကျေးရွာလူရည်ချွန်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညိုဖေထံသို့ စတားအမျိုးအစား ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်ကို ထပ်ဆင့်လှူဒါန်းချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

မတ္တရာ ထန်းပင်ကုန်းကျောင်းတိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ် ရှေးဟောင်းစေတီပြုပြင်ရန်အတွက် ငွေများလှူဒါန်း

မန္တလေး ဩဂုတ် ၄

မန္တလေးတိုင်း မတ္တရာမြို့နယ် ထန်းပင်ကုန်းကျေးရွာ ထန်းပင်ကုန်းကျောင်းတိုက်တွင် ဆရာတော် ဘဒ္ဒန္တ ဝါယမအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်က အဆိုပါ ကျောင်း၌ ကျင်းပသည်။

ဆက်ကပ်

ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲသို့ ထန်းပင်ကုန်း၊ကြားရွာ၊ကျောက်တံတားနှင့် ဝသုန္ဒရကျေးရွာမှ ဒါယကာ၊ ဒါယိကာမများက သင်္ကန်းဒွိစုံအစုံ၂၀ ကို စုပေါင်းဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ ရှေးဟောင်းစေတီတော် ပြုပြင်ရန်အတွက် နှစ်ဖက်သော မိဘများအားအမှူးထား၍ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(ဈ)ရပ်ကွက်နေ ဦးကိုကိုကြီး မိသားစုက ငွေကျပ် ၁၀သိန်းနှင့် မတ္တရာမြို့နယ်ထန်းပင်ကုန်းကျေးရွာနေ ဦးကျော်ဆန်း–ဒေါ်မြင့်မြင့်ရွှေ မိသားစုတို့က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)(က–ပ)**

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်အိမ်ရာစီမံကိန်းအရ ဆောင်ရွက်ခဲ့သော သဖန်းကျေးရွာရှိ ကျေးလက်အိမ်ရာဆောက်လုပ်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆင်းရွှေလီမိုးစပါးတစ်ဧက တင်း ၂၅၀ ထွက်ရှိရေး ဆွေးနွေး ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု အရှိန်အဟုန်မပြတ်ဆောင်ရွက်

ဟိုပန် ဩဂုတ် ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း)ဟိုပန်မြို့ ပန်ကောင်းရပ်ကွက်(မြို့မ) ဘုန်းတော်ကြီးကျောင်းမွှာရုံ၌ ဆင်းရွှေလီအထူး အထွက်တိုး မိုးစပါး တစ်ဧကတင်း ၂၅၀ နှုန်းထွက်ရှိရေး နည်းစနစ်ပညာပေးဆွေးနွေးပွဲ အခမ်းအနား ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက တောင်သူများ၏ လူနေမှုဘဝနှစ်ဆတိုးတက်ရန် ဒေသဝမ်းစာဖူလုံပိုလျှံထွက်ရှိရန်နှင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်မြင့်မားစွာထွက်ရှိလာစေရန် တောင်သူဦးကြီးများက ဆင်းရွှေလီအထူးအထွက်တိုး စပါးစိုက်ပျိုးရေးနည်းစနစ် ၁၅ ချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းရင်နှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသောင်းမြင့်တို့က ဆင်းရွှေလီစပ်မျိုးစပါးစိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းပညာ ၁၅ ချက်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက ၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် တောင်သူများလိုက်နာဆောင်ရွက်ရမည့်တာဝန်နှင့် ဆီထွက်သီးနှံခြံစည်းရိုး ကြက်ဆူစိုက်ပျိုးမှု အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ကြရန် ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်မောင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကောင်းဟုန်းရွာမကွင်း ဦးပိုင်အမှတ် ၂၃ တောင်သူဦးထွန်းအောင်လယ်မြေတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဇင် ဦးဆောင်ပြီး စိုက်ပျိုးရေး မြေစာရင်းဝန်ထမ်းများနှင့် ကောက်စိုက်သမများ ပါဝင်သည့် အထူးအထွက်တိုး ဆင်းရွှေလီစပါးစိုက်စနစ်မှန် သရုပ်ပြပွဲသို့ ကွင်းဆင်းလေ့လာကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်၌ ကြက်ဆူပင်စုပေါင်းစိုက်ပျိုး

ကြို့ပင်ကောက် ဇူလိုင် ၂၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲကို ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ မြို့လယ်ချောင်းကျေးရွာတွင် ဇွန်၂၇ရက်နံနက် ၇နာရီက ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့်ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသင်းနှင့် အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းဖြတ်မြို့၌သန့်ရှင်းရေးဆောင်ရွက်

မိုင်းဖြတ် ဇူလိုင် ၁၅

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင် ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က လွတ်လပ်ရေးပန်းခြံတစ်ဝိုက်တွင် အဖွဲ့ဝန်ထမ်းများ မြို့သန့်ရှင်းလှပရေးလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အင်ဂျင်နီယာ(၂)ဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀နှင့် ၅)
ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်တရားမရုံး၌
၂၀၀၇ ခုနှစ် တရားမကြီးအမှုအမှတ်–၁၆

၁။ ဒေါ်ခင်စန်းရီ(ခ) ဒေါ်ခင်ဖုန်း **နှင့်**	၁။ ဒေါ်သင်းသင်းလှိုင်
၂။ ဦးကိုကိုကြီး	၂။ ဦးမြတ်သူ
တရားလို	**တရားခံ**

၁။ လားရှိုးမြို့ ရပ်ကွက် (၄) နယ်မြေ (၈)ရပ်နေ ဦးမြတ်သူ(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

၂။ သင့်အပေါ်၌ တရားလို ဒေါ်ခင်စန်းရီ(ခ) ဒေါ်ခင်ဖုန်းနှင့် ဦးကိုကိုကြီးတို့က ချေးငွေကျပ်သိန်း ၁၀၀နှင့် နှစ်နာကြေးငွေကျပ် သိန်း ၅၀၊ နှစ်ရပ်ပေါင်း ငွေကျပ်သိန်း ၁၅၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၇ ခုနှစ် ဩဂုတ် ၁၇ ရက်၊ (၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၃။ ၂၀၀၇ ခုနှစ် ဩဂုတ် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဋ္ဌေးလှ (တ/၁၃၂၂)
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံး၊ လားရှိုးမြို့။

အများသိစေရန်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက် (36/K)မှ မြေကွက်အမှတ် $\frac{၁၁၁.w\ 5}{C}$၊ ဧရိယာ ၀ ဒသမ ၁၈၈ဧကရှိ မြေပိုင်မြေကွက်နှင့် ခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နွယ်နွယ်အေး (ခ) ဒေါ်သန်းသန်းမြင့် ၁၂/ဗဟန(နိုင်) ၀၀၄၉၄၉ ထံမှလည်းကောင်း၊ မြေကွက်အမှတ် $\frac{၁၁၁.w\ 5}{B}$၊ ဧရိယာ၀ဒသမ ၁၈၈ ဧကရှိ မြေပိုင်မြေကွက်နှင့် ခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှစိန် ၁၂/ဗတထ(နိုင်)၀၁၄၅၂၉ထံမှလည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ဝယ်ယူရန်တန်ဖိုးငွေတချို့ကိုပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်များနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အထက်ဖော်ပြပါ မြေကွက်များ၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမောင်အေး(B.A, H.G.P, R.L)
တရားရုံးချုပ်ရှေ့နေ
အမှတ် (၆)၊ ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁–၅၇၀၃၉၂၊ ၀၉–၅၁၉–၀၄၄၀။

၆–၈–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ မမြမြဝင်း(ခ)ဝါဝါဝင်း၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်း သတိပေးကြေညာချက်

ဒေါ်မြရီ ၈/နမန (နိုင်)၀၅၇၂၁၄နှင့်သားကြီး ဦးမြသိန်း ၂/ဖဆန (နိုင်) ၀၀၅၈၆၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းသတိပေးကြေညာသည်မှာ–

၁။ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ် ၉ ရပ်ကွက် မြေတိုင်း၂၊ ပန်းခြံ ၆၊ စိန်စီဂုဏ်ရောင်လမ်း အမှတ် ၂၈၉ (ခ)ဟု ခေါ်တွင်သော မြေကွက်သည် မိဘနှစ်ပါးဖြစ်ကြသော ဦးကောင်းတင် (ကွယ်လွန်)နှင့် ဒေါ်မြရီတို့ပိုင် ငွေကြေးဖြင့် ၂၀၀၂ ခုနှစ်က ဝယ်ယူခဲ့ခြင်းသာဖြစ်ပါသည်။ ထိုစဉ်က သားဖြစ်သူ ကိုမောင်ဦး(ခ)ဆန်းမင်းဦး(ကွယ်လွန်)သည် အလုပ်အကိုင် ဝင်ငွေမရှိ၊ မိဘများကိုမှီခိုနေသော အတူနေသားတစ်ဦးသာ ဖြစ်ပါသည်။

၂။ အထက်ပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အဆောက်အအုံနှင့် အိမ်ရှိပစ္စည်းများသည်လည်းကောင်း၊ ယင်းမြေကွက်တွင် ဖွင့်လှစ်ထားသော သိန်းပြည့်ရှင် လက်ဖက်ရည်ဆိုင်သည်လည်းကောင်း၊ မိဘနှစ်ပါး၏ ငွေကြေးဖြင့်ဆောက်လုပ်ခြင်း၊ ဖွင့်လှစ်ခြင်းဖြစ်သဖြင့် မိဘများပိုင် မြေ၊ အိမ်၊ ဆိုင်များသာဖြစ်ပါသည်။

၃။ ထို့ပြင် လှိုင်မြို့နယ် ၁၆ ရပ်ကွက် ပါရမီလမ်း အမှတ် ၇၈ တွင် ငှားရမ်းဖွင့်လှစ်ထားသော ရွှေပါရမီလက်ဖက်ရည်ဆိုင်သည်လည်း မိဘနှစ်ပါးပိုင်ဆိုင်သော ငွေကြေးဖြင့် ဖွင့်လှစ်ထားသော ဆိုင်သာဖြစ်ပြီး၊ ကျန်လက်ဖက်ရည်ဆိုင်များသည် ဒေါ်မြရီ၏ ကျန်သားသမီးများ ပိုင်ဆိုင်သောဆိုင်များသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍အထက်ဖော်ပြပါ ပစ္စည်းများသည်သားဖြစ်သူ ကိုဦးမောင်ဦး(ခ)ဆန်းမင်းဦး (ကွယ်လွန်)ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများမဟုတ်ပါ။ ထို့ကြောင့် ၁၁–၇–၂၀၀၇ရက်မှ ကိုမောင်ဦး (ခ) ဆန်းမင်းဦးနှင့်လက်ထပ်ခဲ့ရသော မမြမြဝင်း(ခ)ဝါဝါဝင်း အနေနှင့် ကန့်ကွက်တားမြစ်ပိုင်ခွင့်မရှိပါ။ ထို့ကြောင့် ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း မိမိကြေညာချက်ကို ပြန်လည်ရုပ်သိမ်းရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းများအရ အရေးယူခြင်းခံရမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

ဒေါ်မြရီနှင့်သားကြီးဦးမြသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးလှကြည် B.A (Law),LL.B	**ဒေါ်ခင်လှသန်း B.A(Law),LL.B**
တရားရုံးချုပ်ရှေ့နေနှင့်	**တရားရုံးချုပ်ရှေ့နေ (စဉ်–၂၁၅၅)**
Notary Public (စဉ်–၁၂၅၆)	**၁၈၃/၁၈၅၊ ၃၃ လမ်း**
၈၂၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
အင်းစိန်မြို့နယ်၊ ဖုန်း–၆၄၁၄၄၃။	**ဖုန်း–၃၇၃၅၂၅၊ ၀၉–၅၀–၂၆၇၀၇။**

ဖခင်အမည်မှန်

ညောင်တုန်းမြို့ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မဝေဝေအောင် ၁၄/ညတန (နိုင်) ၁၅၈၉၆၃၏ ဖခင်အမည်မှန် မှာ ဦးမျိုးအောင် ဖြစ်ပါကြောင်း။ **ဦးမျိုးအောင်**
၁၄/ညတန(နိုင်)၁၉၁၅၈၈။

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းလင်း(ခ)လောဆန်၏ ဖခင်အမည်မှန်မှာ ဦးတွမ်ရှိရင် ဖြစ်ပါကြောင်း။ **ဦးတွမ်ရှိရင်**
၁၃/ကလတ(နိုင်)၀၁၄၃၈၉။

မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းလင်း(ခ)လောဆန်၏ မွေးသက္ကရာဇ်အမှန်မှာ ၉–၁–၁၉၉၁ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့ အထက(၅) အဋ္ဌမတန်းမှ မကျင်လန်၏မွေးသက္ကရာဇ် အမှန်မှာ ၁၀–၆–၁၉၈၇ ဖြစ်ပါကြောင်း။

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
ရန်ကုန်တိုင်းတရားမရုံးတော်၌
၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်–၁၇၉၇ နှင့် ဆက်သွယ်သည့်
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၉၁၅ နှင့် ဆက်သွယ်သည်။

ဒေါ်နီနီခင် (၎င်း၏ကိုယ်စားလှယ် စာရသူ ဦးကိုကိုလေး) **နှင့်**	၁။ ဦးဝင်းနိုင်(ခ)ဦးဝင်းရှိန်
	၂။ ဦးမောင်မောင်ဝင်း
	၃။ ဦးဘရီ
ဒီကရီအနိုင်ရသူ	**တရားရှုံး**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း အမှတ်(၂၇၀/ခ) (၁၄/၂) နေ ဦးဝင်းနိုင်(ခ)ဦးဝင်းရှိန်၊ ဦးမောင်မောင်ဝင်းနှင့် မရမ်းကုန်းမြို့နယ် ပါရမီ (၉)ရပ်ကွက် မဉ္ဇူလမ်း အမှတ် ၃၈/ဈ နေ ဦးဘရီ(ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်–၁၇၉၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်နီနီခင် (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးကိုကိုလေး)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၇ ခုနှစ် ဩဂုတ် ၂၃ ရက် (၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၇ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမူ
တွဲဖက်တိုင်းတရားသူကြီး(၇)၊ ရန်ကုန်တိုင်းတရားရုံး။

အမှားပြင်ဆင်ချက်

၂၉–၇–၂၀၀၇ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၇)တွင် လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ် ရှေ့နေ ဦးသောင်းထွန်း၏ **အများသိစေရန် အသိပေးကြေညာချက်**တွင် စာကြောင်းရေ (၃)၌ ဦးအောင်မြင့်အစား ဦးမြင့်အောင်ဟူ၍လည်းကောင်း စာကြောင်းရေ (၄)၌ ဧရိယာ ၁၀ဧကအစား **၁ဒသမ၀၀ဧက** ဟူ၍ လည်းကောင်း၊ စာကြောင်းရေ (၆)၌ ဧရိယာ ၁ဒသမ၄၂၉ ဧကအစား **၀ဒသမ၄၂၉ ဧက**ဟူ၍ လည်းကောင်း၊ စာကြောင်းရေ (၉)၌ ကျန်ဧရိယာ ၁ဒသမ ၄၂၉ဧကအစား ၀ဒသမ ၄၂၉ ဧကဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေကြီးရေလွှမ်းမိုးမှုဖြစ်ပေါ်နိုင် ရေဘေးအန္တရာယ်ကာကွယ်မှုအစီအစဉ်များ ကြိုတင်ဆောင်ရွက်ထားရှိ

နေပြည်တော် ဩဂုတ် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၅ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ကျေးရွာအနီးရှိ သစ်တောရိပ်သာ၌ ဌာနဆိုင်ရာများ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး ယခုရက်ပိုင်း၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလွှမ်းမှု ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ကာကွယ်မှု အစီအမံများ ဆောင်ရွက်ထားကြရန် မှာကြားသည်။

ဓနုဖြူမြို့နယ်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် ကန်ဇင်းတောကျေးရွာအနီးရှိ ဆည်မြောင်းဦးစီးဌာန ရေကင်းစခန်း အမှတ်(၄)သို့ ရောက်ရှိကြပြီး ရေကင်းစခန်းအလိုက် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုနှင့် ရေဘေးကာကွယ်နည်းလမ်းများ သရုပ်ပြလေ့ကျင့်ပေးမှုများကို ကြည့်ရှုစစ်ဆေးရာ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ရေဘေးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၇ ကော်လံ ၃ ●

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဓနုဖြူမြို့နယ် ကန်ဇင်းတော ကျေးရွာအနီးရှိ ရေကင်းစခန်း အမှတ်(၄) တွင် ရေဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(လယ်ယာ/ဆည်မြောင်း)

မိုးရွာသွန်းလေသမျှ

၁၀-၈-၂၀၀၇

ရွှေကျင်	၅ ဒသမ ၇၅ လက်မ
ကော့ကရိတ်	၄ ဒသမ ၇၂ လက်မ
သထုံ	၃ ဒသမ ၃၉ လက်မ
မြိတ်	၃ ဒသမ ၁၁ လက်မ
မော်လမြိုင်	၂ ဒသမ ၉၉ လက်မ

အာဆီယံသည် သဟဇာတဖြစ်သော အဖွဲ့အစည်းတစ်ခုဖြစ် အာရှဒေသ ဖွံ့ဖြိုးတိုးတက်မှု အဓိက ကဏ္ဍတွင်ပါဝင်

ရန်ကုန် ဩဂုတ် ၁၀

အာဆီယံ အနှစ်(၄၀)ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့နှင့် မြန်မာနိုင်ငံမှ အာဆီယံသို့ ဝင်ရောက်သည့် (၁၀)နှစ်မြောက် အခါသမယအခမ်းအနားကို ယနေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၃ ❐

အာဆီယံ အနှစ်(၄၀)ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့နှင့် မြန်မာနိုင်ငံမှ အာဆီယံသို့ဝင်ရောက်သည့်(၁၀)နှစ်မြောက်အခါသမယ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုဖြင့်အနိုင်ယူပါ

သတင်းမှတ်စု – မောင်မောင်မြင့်ဆွေ



ဤသို့ နေ့ရောညပါ ခြင်ထောင်ဖြင့်အိပ်ခြင်းသည် ခြင်ကိုက်ခြင်းမှ ကာကွယ်နိုင်သဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်သည်။

ရန်ကုန် ဩဂုတ် ၁၀

လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော ရောဂါများအနက် သွေးလွန်တုပ်ကွေးရောဂါသည် အချိန်တိုအတွင်း ရှေ့တန်းသို့ ရောက်ရှိနေရာယူလာသည်။ကူးစက်မှုမြန်ဆန်ပြီး အသက်အန္တရာယ်ကို ထိခိုက်စေသဖြင့် ကမ္ဘာ့နိုင်ငံများက အလေးထား တားဆီးနေရသော ရောဂါတစ်ခု လည်းဖြစ်သည်။

ရောဂါပိုးသယ်ဆောင်

သွေးလွန်တုပ်ကွေး ရောဂါသည် သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်လာသော ခြင်များမှတစ်ဆင့် ဖြစ်ပွားခြင်းဖြစ်သည်။ ရောဂါပိုးကို သယ်ဆောင်လာသော ခြင်ကျားများသည် အများ

စာမျက်နှာ ၈ ကော်လံ ၄ ✻

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ပြသည် ရန်ကုန် ဩဂုတ် ၁၀

မာဒေးကားဖလား အုပ်စုပွဲစဉ်များ ပေါ်ထွက်လာ မြန်မာအသင်း မလေးရှား၊ လီဆိုသို၊ ဘင်္ဂလားဒေ့ရှ်တို့နှင့်ဆုံတွေ့

မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၀ရက်မှ ၂၉ရက်အထိ ကျင်းပမည့် (၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်ရေးဆွဲခြင်းအခမ်းအနားကို ဩဂုတ် ၈ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။

(၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် အရှေ့တောင်အာရှမှ လက်ရှိချန်ပီယံ မြန်မာ၊ အိမ်ရှင် မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှား၊ အာဖရိကမှ ဇင်ဘာဘွေ၊ ယူဂန်ဒါနှင့် လီဆိုသို၊ တောင်အာရှမှ ဘင်္ဂလားဒေ့ရှ် စုစုပေါင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■